# ပညာဉာဏ်
# မျက်စိများ

ဦးကျော်ဝေယျ

ဖြန့်ချိရေး
"မယ်နှင့်မောင်" စာပေတိုက်
အမှတ် ၁၂၄၊ အခန်း(၁၀)၊ ပထမထပ်
ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့
ဖုန်း–၂၄၃၆၁၄

## ဒို့တာဝန် အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

★ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပညာဉာဏ်မျက်စိများ

ဦးကျော်ဇေယျ

၂၇၈၇၆


စာအုပ်စာတမ်းစာနယ်ဇင်း

ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်

၁၁၉/၂၀၀၃(၂)

မျက်နှာဖုံးကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်

၁၄၂ /၂၀၀၃( ၃ )

မျက်နှာဖုံးဒီဇိုင်း – ရွှေလက်လှ

ပုံနှိပ်ခြင်း – ပထမအကြိမ်

အုပ်ရေ – ၁၀၀၀

ပုံနှိပ်ပြီးသည့်ကာလ – ၂၀၀၃ ခုနှစ်၊ မတ်လ

တန်ဖိုး – ၅၀၀ ကျပ်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် – အောင်စေတနာပုံနှိပ်တိုက်

မထိုက်ထိုက်အောင်(၀၅၇၀၄)

ထုတ်ဝေသူ – ဦးကျော်ဇေယျ

စကားပြောနေသူများစာပေ (၀၃၈၄)

အမှတ် ၁၂၄ အခန်း(၁၀)၊

ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။

- ။ အမှာ ၁

အခန်း ၁ ပြဟ္မာစိုရ်ဉာဏ်မျက်စိ ၅

အခန်း ၂ သမာဓိဉာဏ်မျက်စိ ၉

- ကမ္မဋ္ဌာန်းလေးဆယ် ၁၂
- ကသိုဏ်း ၁၀ ပါး ၁၂
- အသုဘ ၁၀ ပါး ၁၅
- အနုဿတိ ၁၀ ပါး ၁၆
- ပြဟ္မဝိဟာရ ၄ ပါး ၁၈
- အာရုပ္ပ ၄ ပါး ၁၉
- သညာ ၁ ပါး ၁၉
- ဝဝတ္ထာန် ၁ ပါး ၁၉
- လာဘ်မြင်ခြင်း ၂၃
- ပထမဈာန် ၂၃
- ဒုတိယဈာန် ၂၅
- တတိယဈာန် ၂၆
- စတုတ္ထဈာန် ၂၆
- ပဉ္စမဈာန် ၂၆
- အာကာသနဉ္စာယတနဈာန် ၂၇

- ဝိညာဏဉ္စာယတနဈာန် ၂၇
- အာကိဉ္စညာယတနဈာန် ၂၈
- နေဝသညာနာသညာယတနဈာန် ၂၈
- အဘိညာဉ် ၂၈
- ဆက်လက်ပွားများအားထုတ်ရမည့်
  တရားဉာဏ်မျက်စိ ၃၀

အခန်း ၃ ဝိပဿနာဉာဏ်မျက်စိ ၃၅

- ဒုက္ခသစ္စာ ၃၇
- သမုဒယသစ္စာ ၃၇
- မဂ္ဂသစ္စာ ၃၈
- နိရောဓသစ္စာ ၃၈
- သစ္စာလေးပါး ၃၈
- သတိပဋ္ဌာန်လေးပါး ၄၀
- ဣရိယာပုထ် ၄ ပါး ရှုမှတ်ခြင်း ၄၂
- နာမရူပ ပရိစ္ဆေဒဉာဏ် ၄၄
- ပစ္စယ ပရိဂ္ဂဟဉာဏ် ၄၆
- သမ္မသနဉာဏ် ၄၉
- ဥဒယဗ္ဗယဉာဏ် ၅၂
- ဘင်ဉာဏ် ၅၈
- ဘယ အာဒီနဝ နိဗ္ဗိဒါဉာဏ် ၆၂
- မုဉ္စိတုကမျတာပဋိသင်္ခါ
  သင်္ခါရုပေက္ခာဉာဏ် ၆၅
- အနုလောမဉာဏ်ဂေါတြဘူဉာဏ်
  နှင့် မဂ်ဉာဏ် ၆၇

– သောတာပတ္တိမဂ်ဉာဏ် ၇၁
– သကဒါဂါမိမဂ်ဉာဏ် ၇၄
– အနာဂါမိမဂ်ဉာဏ် ၇၅
– အရဟတ္တမဂ်ဉာဏ် ၇၅
– သောတာပတ္တိဖိုလ်ဉာဏ် ၇၆
– သကဒါဂါမိဖိုလ်ဉာဏ် ၇၉
– အနာဂါမိဖိုလ်ဉာဏ် ၈၀
– အရဟတ္တဖိုလ်ဉာဏ် ၈၀
– သောတာပန်၏ဝိမုတ္တိဉာဏ် ၈၁
– သကဒါဂါမ်၏ဝိမုတ္တိဉာဏ် ၈၂
– အနာဂါမ်၏ဝိမုတ္တိဉာဏ် ၈၃
– ရဟန္တာ၏ ဝိမုတ္တိဉာဏ် ၈၃
– သောတာပတ္တိမဂ်နိဗ္ဗာန် ပစ္စဝေက္ခဏာဉာဏ် ၈၄
– သောတာပန်၏ သောတာပတ္တိ ဖိုလ်နိဗ္ဗာန် ပစ္စဝေက္ခဏာဉာဏ် ၈၉
– သဂဒါဂါမိမဂ်မှစ၍ ရဟန္တာ၏ အရဟတ္တ မဂ်နိဗ္ဗာန် ပစ္စဝေက္ခဏာဉာဏ် ၉၀
– ရဟန္တာ၏အရဟတ္တဖိုလ်နိဗ္ဗာန် ပစ္စဝေက္ခဏာဉာဏ် ၉၁
–။ ကျမ်းကိုးစာရင်း ၉၂

## အမှာ

ဗုဒ္ဓဘာသာနယ်ပယ်တွင် ကုသိုလ်ဆိုင်ရာ လမ်းကြောင်းကြီး သုံးခုရှိသည်။ ယင်းတို့မှာ–

၁။ ကာမာဝစရကုသိုလ်

၂။ ရူပါဝစရကုသိုလ်နှင့် အရူပါဝစရကုသိုလ်

၃။ မဂ်ကုသိုလ်၊ ဉာဏ်ကုသိုလ် တို့ ဖြစ်သည်။

### ကာမာဝစရ ကုသိုလ်

လောကီ စည်းစိမ်အဖြာဖြာဖြစ်သည့် ပစ္စည်း၊ ရတနာနှင့် လယ်ယာ ဆင်မြင်း၊ သင်းပင်း ခြွေရံ၊ ဗိမာန်တစ်သီး၊ သားသမီးရတနာ စသည်တို့ဖြင့်ပြည့်စုံ ကြွယ်ဝလိုကြောင်း ရည်မှန်းသည့် ကုသိုလ်သည် ကာမာဝစရကုသိုလ်ဖြစ်သည်။ တစ်နည်းဆိုသော် ကံကုသိုလ် လမ်းကြောင်း ဖြစ်သည်။ သုံးဆယ့်တစ်ဘုံ ကျင်လည်နေသမျှ အထက်တန်းကျကျ ဖြစ်စေခြင်းငှာ ရည်မှန်းပြုသည့် ကုသိုလ်မျိုး ဖြစ်သည်။

## ရူပါဝစရကုသိုလ်နှင့် အရူပါဝစရကုသိုလ်

လက်ရှိဘဝတွင် ချမ်းသာရန် အလိုရှိသည်များ ဖြစ်မြောက်ရရှိရန် စေတစ်လုံးပိုင်ရှင်ဖြစ်ရန် ဟောပြော ကုသပြီး လောကီဆရာတစ်ဆူဖြစ်ရန် သမထဘာဝနာ တစ်နည်းနည်းကို စွဲစွဲမြဲမြဲပွားများသည့် ဈာန်ကုသိုလ် ဖြစ်သည်။ ယင်းသည် လမ်းကြောင်းတစ်ခုဖြစ်သည်။ လက်ရှိဘဝတွင် လောကီဆရာတစ်ဆူဖြစ်ရန် ရည်မှန်းအားထုတ်သည့် ကုသိုလ်မျိုးဖြစ်သည်။

## မဂ်ကုသိုလ်၊ ဉာဏ်ကုသိုလ်

ဝိပဿနာကုသိုလ်၊ လောကုတ္တရာ ကုသိုလ်ဖြစ်သည်။ ဤမဂ်ကုသိုလ် ဉာဏ်ကုသိုလ်လမ်းကြောင်းသည် သန္တိသုခ (နိဗ္ဗာန်)ကို ရည်မှန်းသောလမ်းကြောင်းဖြစ်သည်။

## ဉာဏ်မျက်စိများ

ကာမာဝစရကုသိုလ်လမ်းကြောင်း လိုက်မည့်သူသည် ဗြဟ္မစိုရ် ဉာဏ်မျက်စိရှိရန် လိုသည်။ ဗြဟ္မစိုရ် ဉာဏ်မျက်စိပွင့်မှ ကာမာဝစရကုသိုလ် အားကောင်း မောင်းသန်ရှိမည်။ သို့ဖြစ်ရာ ကာမာဝစရကုသိုလ် လမ်းကြောင်းလိုက်မည့်သူများအတွက် ရှိအပ်သော ဉာဏ်မျက်စိဖြစ်သည့် ဗြဟ္မစိုရ် ဉာဏ်မျက်စိအကြောင်းကို ဤစာအုပ်တွင် ဖော်ပြထားသည်။

ရူပါဝစရကုသိုလ်နှင့် အရူပါဝစရကုသိုလ် လမ်းကြောင်း လိုက်မည့်သူသည် သမထ ဉာဏ်မျက်စိရှိရန်လို

သည်။ သမထ ဉာဏ်မျက်စိမပွင့်လျှင် ရူပါဝစရ ကုသိုလ်နှင့် အရူပါဝစရကုသိုလ် အားကောင်း မောင်းသန် မဖြစ်နိုင်။ သမထဉာဏ် မျက်စိပွင့်ပါမှ ရူပါဝစရကုသိုလ်နှင့် အရူပါဝစရကုသိုလ် အားကောင်း မောင်းသန် ရှိမည်။ သို့ဖြစ်ရာ ရူပါဝစရကုသိုလ်နှင့် အရူပါ ဝစရကုသိုလ် လမ်းကြောင်း လိုက်မည့်သူများအတွက် ရှိအပ်သော ဉာဏ်မျက်စိဖြစ်သည့် သမထဉာဏ်မျက်စိအကြောင်းကို ဤစာအုပ်တွင် ဖော်ပြထားသည်။

မဂ်ကုသိုလ်၊ ဉာဏ်ကုသိုလ်လမ်းကြောင်းလိုက်မည့်သူသည် သမထဝိပဿနာဉာဏ်မျက်စိ၊ မဂ်ဉာဏ် မျက်စိ၊ ဖိုဉာဏ်မျက်စိ၊ ဝိမုတ္တိရသဉာဏ်မျက်စိများ တစ်ဆင့်ပြီး တစ်ဆင့် ရှိရန်လိုသည်။ သမထဝိပဿနာ ဉာဏ်မျက်စိ၊ မဂ်ဉာဏ်မျက်စိ၊ဖိုလ်ဉာဏ်မျက်စိနှင့်ဝိမုတ္တိရသဉာဏ်မျက်စိများ ပွင့်လင်းပါမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပြည်နိဗ္ဗာန်ကို ဝင်ရောက်နိုင်ပေမည်။ သို့ဖြစ်ရာ သန္တိသုခ (နိဗ္ဗာန်)လမ်း လိုက်မည့်သူများအတွက် ရှိအပ်သော ဉာဏ်မျက်စိများ ဖြစ်သော သမထ ဝိပဿနာ ဉာဏ်မျက်စိ၊ မဂ်ဉာဏ်မျက်စိ၊ ဖိုလ်ဉာဏ်မျက်စိနှင့် ဝိမုတ္တိရသ ဉာဏ်မျက်စိများ အကြောင်းကို ဤစာအုပ်တွင် ဖော်ပြထားသည်။

အသိတို့သည် သူ့နယ်ပယ်နှင့် သူ သစ္စာထိုက်ကြသည်ချည်းဖြစ်သည်။ သိစရာနှင့် အသိနယ်ပယ် ကွဲပြားသော် သိစရာနှင့်အသိများ ခြားနားတတ်သည်။ ပုထုဇဉ် သိစရာနှင့် ပုထုဇဉ်အသိသည် ပုထုဇဉ်နယ်ပယ်တွင် သစ္စာထိုက်သည်။

သို့သော် အရိယာနယ်ပယ်တွင် သစ္စာထိုက်သည် မဟုတ်ပေ။ အရိယာသိစရာနှင့် အရိယာအသိ သည် အရိယာနယ်ပယ်တွင် သစ္စာထိုက်သည်။ သို့သော် ပုထုဇဉ်နယ်ပယ်တွင် သစ္စာထိုက်မည် မဟုတ်ပေ။

ရဟန္တာလမ်းနှင့် ဗောဓိသတ်လမ်းတွင် ရဟန္တာလမ်းသည် ဝိပဿနာလမ်းဖြစ်သည်။ ဝိပဿနာဖြင့် တစ်ဘဝထဲကိစ္စအပြီးသတ်နိုင်သည်။ ဗောဓိသတ်လမ်းမှာမူ ကာမာဝစရကုသိုလ်လမ်း၊ ရူပါဝစရကုသိုလ်နှင့် အရူပါဝစရကုသိုလ်လမ်း၊ မဂ်ကုသိုလ် ဉာဏ်ကုသိုလ်လမ်းတို့ကို အခြေပြု၍ ပါရမီတော်များ ဖြည့်ကျင့်အားထုတ်သည့်လမ်းဖြစ်သည်။

ယခု ဤစာအုပ်တွင် ဆိုင်ရာနယ်ပယ်အသီးသီး၊ လမ်းကြောင်းအသီးသီးအတွက် ဆိုင်ရာ သိစရာ အခြေခံဉာဏ်မျက်စိ အသီးသီးကို ဖော်ပြထားသည်။ နယ်ပယ်အလိုက် သစ္စာထိုက်ပုံများကို ကွဲကွဲပြားပြား သိရှိနားလည်ကြလျက် ဦးတည်ရာ လမ်းကြောင်းအလိုက် လိုရာဆန္ဒဖြည့်ဆည်းအားထုတ်နိုင်ကြစေရန် ရည်သန်၍ ဤပညာဉာဏ်မျက်စိများ စာအုပ်ကို ရေးသားရခြင်းဖြစ်ပေသည်။

# အခန်း ၁
# ဗြဟ္မစိုရ် ဉာဏ်မျက်စိ

ဗြဟ္မစိုရ်ဉာဏ်မျက်စိဖြင့် ကြည့်သည်ဆိုရာတွင်–

ကာလစမ္မ၊ ဒေသစမ္မ၊ ကုလာစာရစမ္မ၊ သီလစမ္မ၊ သမထစမ္မ၊ ပညာစမ္မတို့အရ ကြည့်ခြင်းဖြစ်သည်။

ကာလစမ္မ ဟူသည် အချိန်အခါ အခြေအနေကို နားလည်စွာကြည့်သည့် အကြည့်အမြင်မျိုး ဖြစ်သည်။

ဒေသစမ္မဟူသည် နေရာဒေသ အခြေအနေကို နားလည်စွာ ကြည့်သည့် အကြည့်အမြင်မျိုးဖြစ်သည်။

ကုလာစာရစမ္မဟူသည် လူမျိုး၏ ရိုးရာယဉ်ကျေးမှု အခြေအနေကို နားလည်စွာကြည့်သည့် အကြည့်အမြင်မျိုး ဖြစ်သည်။

အရာရာကို မိမိ လက်ရှိကာလအတိုင်းအတာ၊ မိမိ ဒေသ အခြေအနေ၊ မိမိလူမျိုး ယဉ်ကျေးမှုအရ ကြည့်ခြင်းမျိုး မဟုတ်ဘဲ သူ့အချိန်၊ သူ့အခါ၊ သူ့ဒေသ၊ သူ့လူမျိုး၊ သူ့

ယဉ်ကျေးမှုကို နားလည်စွာ ကြည့်မြင်သည့်အမြင်မျိုး ဖြစ်သည်။

ထိုမှတစ်ဖန် သူ့အချိန်၊ သူ့အခါ၊ သူ့ဒေသ၊ သူ့လူမျိုး၊ သူ့ရိုးရာ၊ သူ့ယဉ်ကျေးမှုကို အခြေခံထားသော ပံ့ပိုးမှုဖြင့် သူ၏ သီလဓမ္မ၊ သမထဓမ္မ၊ ပညာဓမ္မဖွံ့စည်းမှု အချိုးအဆအလိုက် ဖြစ်ပေါ်လျက်ရှိသော ဝိသေသ အသွင်များကို ကြည့်ခြင်းဖြစ်သည်။

ဗြဟ္မစိုရ်မျက်စိဖြင့်ကြည့်ရာတွင် ဘက်လိုက်မှုသည် မရှိ။ အဘယ်ကြောင့်ဆိုသော် ငါသို့မဟုတ် အတ္တကို အခြေခံ၍ကြည့်သော အကြည့်အမြင်မျိုးမဟုတ်၍ဖြစ်သည်။ စင်စစ် ဗြဟ္မစိုရ်မျက်စိသည် လောကသင်္ဂဟပြု မျက်စိဖြစ်သည်။

အတ္တတွင် တဏှာဖြင့်စွဲယူထားသော အတ္တဟူ၍လည်းကောင်း၊ မာနဖြင့် စွဲယူထားသော အတ္တ ဟူ၍လည်းကောင်း၊ ဒိဋ္ဌိဖြင့် စွဲယူထားသော အတ္တဟူ၍ လည်းကောင်း ရှိ၏။ ထို့ကြောင့် အတ္တတွင် တဏှာ၊ မာန၊ ဒိဋ္ဌိ မလွတ်။ ထိုသို့ မလွတ်သည်ဖြစ်သောကြောင့် အတ္တဖြင့် ကြည့်တိုင်းကြည့်တိုင်း တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲ ဘက်လိုက်မှုပါမြဲ ဖြစ်သည်။

ဗြဟ္မစိုရ်မျက်စိသည် အတ္တဖြင့်ကြည့်သည်ကို ဆန့်ကျင်သည်။ တဏှာမာနဒိဋ္ဌိ ဝင်စွက်သည်ကိုလက်မခံ။ လောကသင်္ဂဟအမြင်ကိုသာ လက်ခံသည်။ လောကသင်္ဂဟ အမြင်ဟူသည် ကာလ၊ ဒေသ၊ ကုလာစာရနှင့် သိက္ခာ သုံးပါးဖြစ်သည့် သီလ သမာဓိ ပညာပေါင်းစည်းပုံ့နှံ့မှု အချိုးအစား 'ဥပမိ' ကို ရှုခြင်းမျိုး ဖြစ်သည်။

ထိုအမြင်ကို အခြေခံပါမှ စေတနာ မှန်သည်။ စေတနာ မှန်သောအခါ ပုညကြိယာဝတ္ထုဆယ်ပါးကို ပြုသည်ရှိသော် ကာမာဝစရကုသိုလ် (ကံကုသိုလ်) အားကောင်းမောင်းသန် ရှိလေသည်။ သို့ဖြစ်ရာ ကာမာဝစရ ကုသိုလ်လမ်းကြောင်း လိုက်မည့်သူသည် ဇြဟ္မစိုရ်ဉာဏ်မျက်စိကို အခြေခံ၍ ပုညကြိယာဆယ်ပါးကို ဖြည့်ဆည်းအားထုတ်ရပေသည်။

## ပုညကြိယာ ဝတ္ထု ဆယ်ပါး

| | | |
|---|---|---|
| ၁။ | ဒါန | – ပေးကမ်းခြင်း၊ လှူဒါန်းခြင်း |
| ၂။ | သီလ | – ကိုယ်နှင့် နှုတ်ကို စောင့်ထိန်းခြင်း |
| ၃။ | ဘာဝနာ | – သမထဝိပဿနာပွားများခြင်း |
| ၄။ | အပစာယန | – ရိုသေလေးစားထိုက်သူများအား ရိုသေ လေးစားခြင်း |
| ၅။ | ဝေယျာဝစ္စ | – ရိုသေလေးစားထိုက်သူတို့၏ ဝတ်ကြီး ဝတ်ငယ် ပြုဖွယ်ကိစ္စများကို ဆောင်ရွက်ပေးခြင်း |
| ၆။ | ပတ္တိဒါန | – မိမိပြုလုပ်သောကုသိုလ်အဖို့ကို သူတစ်ပါးတို့အား အမျှပေးဝေခြင်း |
| ၇။ | ပတ္တာနုမောဒန | – သူတစ်ပါးတို့က ပေးဝေအပ်သော ကုသိုလ်အဖို့ကို ဝမ်းမြောက်ခြင်း၊ သာဓုခေါ်ခြင်း |
| ၈။ | ဓမ္မဿဝန | – သူတော်ကောင်းတရားကို ကြားနာခြင်း |

၉။ **ဓမ္မဒေသနာ** – သူတော်ကောင်းတရားကို ဟော ပြောခြင်း

၁၀။ **ဒိဋ္ဌိဇုကမ္မ** – မိမိ၏ အယူကို ဖြောင့်မှန်အောင် ပြုခြင်း။

## အခန်း ၂
## သမာဓိ ဉာဏ်မျက်စိ

လက်ရှိဘဝတွင် ချမ်းသာရန်၊ အလိုရှိသည်များဖြစ်မြောက်ရရှိရန်၊ စေတစ်လုံးပိုင်ရှင်ဖြစ်ရန်၊ ဟောပြောကုသ၊ လောကီဆရာတစ်ဆူဖြစ်ရန်၊ သမထဘာဝနာတစ်ခုခုကို အားထုတ်ရပေမည်။ သို့မှသာ သမာဓိဉာဏ်မျက်စိပွင့်ကာ ထိပ်တန်းသို့ရောက်နိုင်ပေသည်။

သမာဓိအလုပ်သည် စိတ်လုပ်ငန်းသက်သက် ဖြစ်သည်။ သမထခေါ် သမာဓိဖြစ်ပေါ်က ဈာန်ငြေငါးပါးကို တဖြည်းဖြည်း သိမ်းဆည်းလာနိုင်သည်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာများ ပြောင်းလဲလာသည်။ စိတ်သည် မိမိယူလိုသော အာရုံတစ်ခုတည်းကိုသာ စွဲစွဲမြဲမြဲ ယူထားသည်ဖြစ်၍ မိမိ ယူထားသောအာရုံမှတစ်ပါး အခြားအာရုံများနောက်သို့ မလိုက်တော့ဘဲ မိမိယူထားသော အာရုံကိုသာ အလေးမူသည်။

သမာဓိ ထူထောင်ခြင်းဖြင့် လိုရာကို ပြီးမြောက်အောင် ဆောင်ရွက်လာနိုင်သည်။

ဤတွင် ဘဝဟူသည် အဘယ်နည်းဟူသော အချက်နှင့် ယှဉ်တွဲ၍ နမူနာပေးကြသည်များရှိသည်။

၁။ ဘဝဟူသည် စိန်ခေါ်ခြင်းဖြစ်သည်။
ပြေးတွေ့ပါ။

၂။ ဘဝဟူသည် လျှို့ဝှက်နက်နဲသော ပြဿနာတစ်ရပ် ဖြစ်သည်။ ဖွင့်ထုတ်လိုက်ပါ။

၃။ ဘဝဟူသည် ဝမ်းနည်းကြေကွဲမှုတစ်ရပ် ဖြစ်သည်။
ကျော်လွှားပါ။

၄။ ဘဝဟူသည် အလောင်းအစားတစ်ခုဖြစ်သည်။
စောင့်ကြည့်ပါ။

၅။ ဘဝဟူသည် သီချင်းတစ်ပုဒ်ဖြစ်သည်။ သီဆိုလိုက်ပါ။

၆။ ဘဝဟူသည် ချစ်သူတစ်ဦးဖြစ်သည်။
ပွေ့ပိုက်ထားပါ။

၇။ ဘဝဟူသည် ပျော်စရာတစ်ခုဖြစ်သည်။
ဖြန့်ဝေလိုက်ပါ။

၈။ ဘဝဟူသည် ခရီးတစ်ခုဖြစ်သည်။
အဆုံးအထိသွားပါ။

၉။ ဘဝဟူသည် စိတ်ကူးယဉ်အိပ်မက်တစ်ခုဖြစ်သည်။
အကောင်အထည်ဖော်ပါ။

၁၀။ ဘဝဟူသည် ပဟေဠိတစ်ခုဖြစ်သည်။
ဖြေရှင်းလိုက်ပါ။

၁၁။ ဘဝဟူသည် ကတိတစ်ခုဖြစ်သည်။

ဖြည့်ဆွမ်းလိုက်ပါ။

၁၂။ ဘဝဟူသည် အလွန့်အလွန် ကြည်နူးစရာဖြစ်သည်။

ဝေမျှခံစားပါ။

၁၃။ ဘဝဟူသည် စွန့်စားခြင်းတစ်ခုဖြစ်သည်။

ဝံ့ဝံ့စားစားလုပ်ပါ။

၁၄။ ဘဝဟူသည် ရတောင့်ရခဲသော အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ မိမိရရဆုပ်ကိုင်ထားပါ။

၁၅။ ဘဝဟူသည်သဘာဝဘုရားသခင်၏ သဘာဝတရားလက်ဆောင်တစ်ခုဖြစ်သည်။

အမြတ်တနိုးထားပါ။

ယင်းအဆိုအမိန့်များအရ အကောင်းဆုံးပြုလုပ်နိုင်ရန်မှာ သမာဓိ အဓိကဖြစ်သည်။ သမာဓိဉာဏ်မျက်စိ မရှိက အလွဲလွဲအချော်ချော် ရှိတတ်သည်။ သမာဓိဉာဏ်မျက်စိ ရှိက တော်တည့်လျော်ကန်ရှိမည် ဖြစ်သည်။

သမာဓိကိုထူရာတွင် ပညတ်ကို အာရုံပြုသောသမာဓိနှင့် ပရမတ်ကို အာရုံပြုသော သမာဓိဟူ၍ ရှိသည်ဖြစ်ရာ သမထသမာဓိသည် ပညတ်အာရုံဖြစ်သော ကသိုဏ်း၊ အသုဘ စသည်တို့ကို အာရုံထဲ စွဲမြဲနေမှု ရျာန်သဘောဖြစ်သည်။

ဝိပဿနာ သမာဓိသည် ရုပ်နာမ်ဓမ္မတို့၏ ခဏမစဲတသဲသဲ ဖြစ်ပေါ်နေမှု ပရမတ်အာရုံထဲ ဥဒယဝယဉာဏ်အမြင်စင်ကြယ်နေမှုသဘော ဖြစ်သည်။

ပညတ်ကို အာရုံပြုသော သမထသမာဓိသည် လောကီဈာန်ရပ် သမာပတ်တို့ကို ကျက်စားသည်။ လောကီဈာန်တန်ခိုးဩဇာနှင့် အစွမ်းထက်မှုတို့ကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ရာ ဤနယ်ပယ်တွင် ဈာန်လမ်းဘက်လိုက်ရမည်သာ ဖြစ်သည်။

**ကမ္မဋ္ဌာန်းလေးဆယ်**

အောက်ဖော်ပြပါတို့သည် ကမ္မဋ္ဌာန်းလေးဆယ်တွင် ပါဝင်သည်များဖြစ်သည်။

**ကသိုဏ်း ၁၀ ပါး**

'ကသိုဏ်း' ဟူသော ဝေါဟာရသည်လည်း ပါဠိသက်ဝေါဟာရဖြစ်၏။ 'ကသိဏ' ဟူသော ပါဠိမှ ဆင်းသက်သည်။ 'အလုံးစုံ' ဟု အဓိပ္ပာယ်ရှိသည်။ ကသိုဏ်းအာရုံတစ်မျိုးမျိုးကို ရှုမှတ်သော ပုဂ္ဂိုလ်သည် ကသိုဏ်းအာရုံတစ်စိတ်တစ်ပိုင်းကိုသာ ရှုမှတ်ရသည်မဟုတ်။ ကသိုဏ်းအာရုံမြင်ကွင်းအလုံးစုံကို ရှုမှတ်ရသည်။ ကသိုဏ်းဆယ်ပါးကား အောက်ပါအတိုင်းဖြစ်သည်။

၁။ ပထဝီကသိုဏ်း – တစ်ထွာလက်လေးသစ်ခန့် (သို့မဟုတ်) ကောက်နယ်တလင်းခန့်ရှိ မြေဝန်းကသိုဏ်း၊

၂။ အာပေါကသိုဏ်း – အနည်းဆုံး တစ်ထွာနှင့် လက်လေးသစ်ခန့်မျက်နှာဝကျယ်သော အိုးစသည်၌ထည့်ထားသည့် ရေကသိုဏ်း၊

၃။ တေဇောကသိုဏ်း – အနှစ်အသား မာသော ထင်းဖြင့် မီးဖိုထား၍ တစ်ထွာလက်လေးသစ်ခန့် ဖောက်ထားသော ဖျာ သားရေ အဝတ် ပေါက်မှ ရှုပွားရသော မီးကသိုဏ်း၊

၄။ ဝါယောကသိုဏ်း – လေတဖြတ်ဖြတ်တိုက်ခတ်လှုပ် ရှားနေသော ဝါးပင်များ၊ ကြံပင်များ၊ သစ်ပင်များတို့ကို ရှုပွားရသော လေ ကသိုဏ်း၊

၅။ နီလကသိုဏ်း – ကြာညို စသော အညိုရောင်ပန်းတို့ ကို ခြင်း၊ တောင်းစသည်တို့၌ အပြည့် ထည့်၍ဖြစ်စေ၊ နံရံ၊ ပျဉ် ချပ်၊ ပိတ် စသည်တို့၌ တစ်ထွာ လက်လေးသစ် ခန့်ရှိ အညိုရောင် ဆေးကွက်ခြယ်၍ ဖြစ်စေ၊ ထိုအာရုံ ကိုရှုပွားရသော အညို ရောင်ကသိုဏ်း၊

၆။ ပီတကသိုဏ်း – အဝါရောင်ပန်း၊ မွေ့ရာ၊ အခင်း စသည်တို့ကို ခြင်း၊ တောင်း စသည် တို့၌ အပြည့်ထည့်၍ဖြစ်စေ နံရံ၊ ပျဉ် ချပ်၊ ပိတ် စသည်တို့၌ တစ်ထွာ လက် လေးသစ်ခန့်ရှိ အဝါရောင် ဆေးကွက် ခြယ်၍ ဖြစ်စေ၊ ထိုအာရုံကိုရှုပွားရသော အဝါရောင်ကသိုဏ်း၊

၇။ လောဟိတကသိုဏ်း – အနီရောင်ပန်း စသည်တို့ကို ခြင်း၊ တောင်း စသည်တို့၌ထည့်၍ ဖြစ်စေ၊ နံရံ၊ ပျဉ်ချပ်၊ ပိတ် စသည်တို့၌ တစ်ထွာလက်လေးသစ်ခန့်ရှိ အနီရောင် ဆေးကွက်ခြယ်၍ဖြစ်စေ၊ ထို အာရုံကိုရှုပွားရသောအနီရောင်ကသိုဏ်း၊

၈။ ဩဒါတကသိုဏ်း – အဖြူရောင် ပန်း စသည်တို့ကို ခြင်း၊ တောင်း စသည်တို့၌ ထည့်၍ ဖြစ်စေ၊ နံရံ၊ ပျဉ်ချပ်၊ ပိတ်စသည်တို့၌တစ်ထွာလက်လေးသစ်ခန့်ရှိအဖြူရောင် ဆေးကွက်ခြယ်၍ဖြစ်စေ၊ ထို အာရုံကို ရှုပွားရသော အဖြူရောင်ကသိုဏ်း၊

၉။ အာလောက ကသိုဏ်း – နံရံပေါက် အမိုးပေါက်၊ သစ်ခက်ကြားတို့မှဝင်၍ မြေကြီး နံရံ စသည်တို့၌ ထင်လာသော နေရောင် လရောင်တို့ကိုဖြစ်စေ၊ အိုးတွင်း၌ မီးထွန်း၍ အိုးပေါက်မှထွက်ပြီး နံရံတွင် ထင်သော အလင်းရောင်ကို ဖြစ်စေ၊ ရှုပွားရသော အလင်းရောင်ကသိုဏ်း၊

၁၀။ အာကာသ ကသိုဏ်း – တစ်ထွာလက်လေးသစ်ခန့်ရှိ နံရံပေါက်၊ အမိုးပေါက်၊ ပြတင်းပေါက် စသည်တို့ကိုဖြစ်စေ ဖျာ၊ သင်ဖြူး၊ သားရေ စသည်တို့၏ တစ်ထွာလက်

လေးသစ်ခန့်ရှိ အပေါက်ကိုဖြစ်စေ၊ ရှုပွားရသော အာကာသ ကသိုဏ်းတို့ ဖြစ်သည်။

**အသုဘ ၁၀ ပါး**

'အသုဘ' ဟူသော ပါဠိစကားသည် 'မတင့်တယ်' ဟု အဓိပ္ပာယ်ရှိ၏။ မတင့်တယ် စက်ဆုပ် ရွံရှာဖွယ် အလောင်းကောင်များကို 'အသုဘ' ဟု ခေါ်သည်။ အသုဘ (၁၀) ပါးကား အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဥဒ္ဓုမာတက – သေပြီးနောက် နှစ်ရက် သုံးရက် အကြာတွင် ဖူးဖူးရောင်နေသော စက်ဆုပ်ဖွယ် အလောင်းကောင်၊

၂။ ဝိနီလက – အသားများသောနေရာ၌ အနီကွက်၊ ပြည်စုရာ၌ အဖြူကွက်ထ၍ တစ်ကိုယ်လုံး ညိုမဲမဲဖြစ်နေသော စက်ဆုပ်ဖွယ် အလောင်းကောင်၊

၃။ ဝိပုဗ္ဗက – ပြည်များ ပေါက်ကွဲ ယိုကျနေသော အလောင်းကောင်၊

၄။ ဝိစ္ဆိဒ္ဒက – နှစ်ပိုင်းဖြတ်ထားသော အလောင်းကောင်၊

၅။ ဝိက္ခာယိတက– ခွေး၊ ကျီး၊ ငှင်းတစသည်တို့ ကိုက်ခဲစားသောက်ထားသော အလောင်းကောင်၊

၆။ ဝိက္ခိတ္တက - လက်၊ ခြေ၊ ခေါင်း တကွဲတပြား ဖြစ်ကာ ပြန့်ကြဲနေသော အလောင်းကောင်၊
၇။ ဟတဝိက္ခိတ္တက- အင်္ဂါကြီးငယ်တို့ကို ဓား စသော လက်နက်ဖြင့် ခွဲ၍ သတ်ဖြတ်စွန့်ပစ်ထားသော အလောင်းကောင်၊
၈။ လောဟိတက- တစ်ကိုယ်လုံးမှာ သွေးများယိုထွက်ပေကျံနေသော အလောင်းကောင်၊
၉။ ပုဠုဝက - တစ်ကိုယ်လုံးမှာ ပိုးလောက်တို့ပြန့်ကြဲနေသော အလောင်းကောင်၊
၁၀။ အဋ္ဌိက - အရိုးစုသာ ကြွင်းကျန်တော့သော အလောင်းကောင်တို့ ဖြစ်ပါသည်။

**အနုဿတိ ၁၀ ပါး**

'အနုဿတိ' ဟူသော ပါဠိဝေါဟာရသည် အဖန်ဖန် အောက်မေ့ ဆင်ခြင်မှုဟု အဓိပ္ပာယ်ရှိသည်။ အနုဿတိ ဆယ်ပါးကား အောက်ပါအတိုင်းဖြစ်သည်။

၁။ ဗုဒ္ဓါနုဿတိ - မြတ်စွာဘုရား၏ အရဟံ စသော ဂုဏ်တော်များကိုအဖန်ဖန်အောက်မေ့ အမှတ်ရခြင်း၊
၂။ ဓမ္မာနုဿတိ - မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန် ပရိယတ် ဟူသော တရားတော်၏ သွာက္ခာတတာ စသော ဂုဏ်တော်

များကို အဖန်ဖန်အောက်မေ့ အမှတ်ရခြင်း၊

၃။ သံဃာနုဿတိ – သံဃာတော်၏ သုပ္ပဋိပန္နစသော ဂုဏ်တော်များကိုအဖန်ဖန်အောက်မေ့ အမှတ်ရခြင်း၊

၄။ သီလာနုဿတိ – မကျိုးမပျက်သော မိမိသီလ၏ ဂုဏ်တို့ကို အဖန်ဖန် အောက်မေ့ အမှတ်ရခြင်း၊

၅။ စာဂါနုဿတိ – ရက်ရက်ရောရော စွန့်ကြဲလှူဒါန်းသော အလှူကို အဖန်ဖန်အောက်မေ့ အမှတ်ရခြင်း၊

၆။ ဒေဝတာနုဿတိ – သဒ္ဓါ စသည်နှင့် ပြည့်စုံကြသူများသည် နတ်ပြည်၌ဖြစ်ကြရ၏။ ထိုပုဂ္ဂိုလ်တို့၏ သဒ္ဓါစသော ဂုဏ်မျိုးသည် မိမိ၌လည်းရှိ၏ဟု နတ်တို့ကို သက်သေအရာ၌ထား၍ မိမိ၏သဒ္ဓါစသောဂုဏ်တို့ကို အဖန်ဖန် အောက်မေ့ အမှတ်ရခြင်း၊

၇။ မရဏာနုဿတိ –သေခြင်းကို အဖန်ဖန် အောက်မေ့ အမှတ်ရခြင်း၊

၈။ ကာယဂတာသတိ – ဆံပင် စသော ရုပ်အပေါင်းကို အဖန်ဖန် အောက်မေ့ အမှတ်ရခြင်း၊

၉။ အာနာပါနသာတိ – ထွက်လေဝင်လေကို သတိကပ်၍ ရှုမှတ်နေခြင်း၊

၁၀။ ဥပသမာနုဿတိ – နိဗ္ဗာန်၏ ငြိမ်းအေးပုံကိုအဖန်ဖန် အောက်မေ့အမှတ်ရခြင်း

တို့ဖြစ်သည်။

## ဗြဟ္မဝိဟာရ ၄ မျိုး

ဗြဟ္မဝိဟာရဟူသည် 'မြတ်သောနေခြင်း၊ မြတ်သော ယောဂီ သူတော်စင်၏ နေခြင်း' ဟု အဓိပ္ပာယ်ရှိသည်။ ဗြဟ္မာတို့သည် အပြစ်ကင်းစွာ နေထိုင်ကြသကဲ့သို့ ယောဂီ ပုဂ္ဂိုလ်သည်လည်း မေတ္တာ စသော တရားလေးပါးတို့ကို ရှုပွားနေထိုင်ပါက အပြစ်ကင်းသောနေခြင်း မြတ်သော နေခြင်းပင် ဖြစ်သည်။ ဗြဟ္မဝိဟာရတရား ၄ ပါး ကား အောက်ပါအတိုင်း ဖြစ်သည်။

၁။ **မေတ္တာ** – ချစ်ခင်ခြင်း သတ္တဝါတို့အပေါ် အကျိုး စီးပွား ချမ်းသာသုခများကို လိုလားခြင်း၊

၂။ **ကရုဏာ** – ဆင်းရဲဒုက္ခရောက်နေသူများကို ကယ် ဆယ်လိုခြင်း၊ သနားကြင်နာခြင်း၊

၃။ **မုဒိတာ** – ဥစ္စာစည်းစိမ် ဂုဏ်သိန်တို့နှင့်ပြည့်စုံသူ များကို မြင်တွေ့လျှင် ဝမ်းမြောက်ခြင်း၊

၄။ **ဥပေက္ခာ** – မုန်းချစ်မပြု တည့်မတ်စွာရှုမြင်ခြင်း၊ ကံ အတိုင်း ဖြစ်ကြပေသည်ဟု သဘောထား တတ်ခြင်း တို့ဖြစ်သည်။

**အာရုပ္ပ ၄ ပါး**

အာရုပ္ပဟူသည် ကောင်းကင်ပညတ် စသော အာရုံကို ရှုမှတ်ရသော တရားဟု အဓိပ္ပာယ်ရှိသည်။ အာရုပ္ပလေးပါး သည် အောက်ပါအတိုင်း ဖြစ်၏။

၁။ အာကာသာနဉ္စာယတနစျာန်ဖြစ်ပေါ်ရန် အဆုံးအပိုင်း အခြား မရှိသော ကောင်းကင်ပညတ်ကို အာရုံပြု၍ ရှုမှတ်ခြင်း၊

၂။ ဝိညာဏဉ္စာယတနစျာန်ဖြစ်ပေါ်ရန် အာကာသာနဉ္စာယတနစိတ်ကို အာရုံပြု၍ ရှုမှတ်ခြင်း၊

၃။ အာကိဉ္စညာယတနစျာန်ဖြစ်ပေါ်ရန် အာကာသာနဉ္စာယတနစျာန် စိတ်၏ မရှိခြင်းသဘော (နတ္ထိဘော ပညတ်)ကို အာရုံပြု၍ ရှုမှတ်ခြင်း၊

၄။ နေဝသညာနာသညာယတနစျာန်ဖြစ်ပေါ်ရန် အာကိဉ္စညာယတန စိတ်ကိုအာရုံပြု၍ ရှုမှတ်ခြင်းတို့ ဖြစ်သည်။

**သညာ ၁ ပါး**

၁။ အာဟာရေ ပဋိကူလသညာ – အစာအာဟာရကို စက်ဆုပ်ရွံရှာဖွယ်ဟု အမှတ်သညာ ပြု၍ ရှုမှတ်သော ကမ္မဋ္ဌာန်း။

**ဝဝတ္ထာန် ၁ ပါး**

၁။ စတုဓာတုဝဝတ္ထာန် – ခန္ဓာကိုယ်ရှိ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ဟူသော

အမှတ်သညာပျောက်၍ ပထဝီ စသော
ဓာတ်လေးပါး အစုအဝေးသာဟု ထင်မြင်
လာအောင် ရှုမှတ်သော ကမ္မဋ္ဌာန်း။

ဘဝတွင် အဆင့်အတန်းမြင့်မြင့်နေလိုသူများ၊ ဂုဏ်သတင်းဖြင့် ကျော်စောလိုသူများ အနုဿတိ (၁၀)ပါး၊ တစ်ပါးပါး ပါဝင်အားထုတ်သင့်သည်။

ဘဝတွင် စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာလိုသူများ၊ စာဂါနုဿတိ တွဲဖက် အားထုတ်သင့်သည်။

သမားဖြစ်လိုသူများ၊ စေတစ်လုံးပိုင်ရှင်ဖြစ်လိုသူများ၊ ကသိဏ်းတစ်ပါးပါး၊ အသုဘတစ်ပါးပါးနှင့် နုဿတိ တစ်ပါးပါးတို့ကို အားထုတ်သင့်သည်။

ထို့အတူ ဆိုင်ရာ ဝိဇ္ဇာဖြစ်လိုသူများ ဆိုင်ရာကမ္မဋ္ဌာန်း အလိုက် အားထုတ်ကြရမည်ဖြစ်သည်။

ထိုသို့ အားထုတ်ရာတွင် ယုံကြည်မှု သဒ္ဓါထက်သန်ရသည်။ သဒ္ဓါထက်သန်က နေ့ချင်းညချင်း ပေါက်မြောက်သွားနိုင်သည်။ သဒ္ဓါနဲ့က ရှည်ကြာတတ်သည်။

ထို့ပြင် ဈာန်အဆင့်ပြီးမြောက်ရန် အားထုတ်မည့်သူသည် ကျန်းမာရေးပြည့်စုံ ကောင်းမွန်ရမည် ဖြစ်သည်။ စီးပွားရေး၊ လူမှုရေး ကိစ္စအဝဝ နောက်ဆံမတင်းရှိရမည် ဖြစ်သည်။

သမထကမ္မဋ္ဌာန်း ကျင့်ကြံအားထုတ်သည့် ကာလအတွင်း လူအများနှင့် အတွေ့ခံခြင်း၊ အပေါင်းအသင်းများနှင့် လည်ပတ်သွားလာခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်းတို့ကို

အထူး ရှောင်ရှားရသည်။ ပတ်ဝန်းကျင်နှင့် စိတ်ရော လူပါ အဆက်အသွယ် ဖြတ်ထားနိုင်က အကောင်းဆုံးဖြစ်သည်။

ဈာန်အလုပ်သည် သမာဓိအလုပ်၊ သမထအလုပ်ဖြစ်သည်။ စိတ်ကို ရှေ့တန်းတင်၍ စေစားရခြင်းဖြစ်သည်။ စိတ်တည်ငြိမ်မှုရရှိရေး၊ သမာဓိထူထောင်ရေး၌ အကြီးမားဆုံး အဖျက်အဆီးမှာ အသံဗလံများဖြစ်သည်။ ထို့ကြောင့် တိတ်ဆိတ်ရာ နေရာဌာနကို ရွေးချယ်ရသည်။

ကမ္မဋ္ဌာန်းတစ်ခုကို စွဲစွဲမြဲမြဲ ဇွဲသန်သန် ကြိုးစားရသည်။ ဇွဲသန်သန်ဖြင့် ဆက်ကာဆက်ကာ ကြိုးစားပါက တစ်ခါနှင့်တစ်ခါ တစ်ရက်နှင့်တစ်ရက် တစ်လနှင့်တစ်လ မတူတော့ဘဲ စိတ်သည် စူးစိုက်မှုရလာမည် ဖြစ်သည်။ စိတ်သည် ထက်မြက်လာမည်ဖြစ်သည်။

ဥပမာ– ကသိုဏ်းကိုရှုမည်ဆိုက ကသိုဏ်းဝန်းရှေ့တွင် ထိုင်၊ ကိုယ်ကို နေသားတကျ နေရာယူပြီးနောက် မျက်စိကို မှန်တမ်းထား၍ ကသိုဏ်းဝန်းကို စိုက်ကြည့်ရမည်ဖြစ်သည်။ ကသိုဏ်းဝန်းကို စူးစူးစိုက်စိုက်ကြည့်ရင်း စိတ်ထဲကလည်း မြေကသိုဏ်းရှုသည်ဖြစ်က မြေ . . . မြေ (ပထဝီ . . . ပထဝီ) ဟု တရစပ် မှတ်နေရမည် ဖြစ်သည်။ မိမိစိတ်ကို ကသိုဏ်းဝန်းထဲမှာပဲ ရှိနေစေရန်နှင့် သိနေအောင် မပြတ် လုပ်ပေးနေရမည်ဖြစ်သည်။

စိတ်သည် နွားဆိုးကဲ့သို့ ကသိုဏ်းဝန်းချည်တိုင်မှ ရုန်းကန်ထွက်ပြေးနေပေလိမ့်မည်။ ထိုသို့ ထွက်ပြေးက

၂၂၉၇၆

ထွက်ပြေးသောစိတ်ကို ကသိုဏ်းဝန်းဆီ ပြန်ပို့ရမည်ဖြစ်သည်။ အနှောင့်အယှက်အမျိုးမျိုး၊ သံသယအမျိုးမျိုးဝင်လာတတ်သည်။ သတိဖြင့် စိတ်ကို ကသိုဏ်းဝန်းပေါ်ပြန်တင်ပေးရမည်သာ ဖြစ်သည်။

စိတ်သည် ကသိုဏ်းခြံ၍ တဖြည်းဖြည်း လုံလာမည်ဖြစ်သည်။ ထိုမှတစ်ဖန် စိတ်သည် မအောင်နိုင်ဘူးသော စိတ်ရိုင်းများကို နိုင်စပြုလာပေလိမ့်မည်။ ယောက်ယက်ခတ်ပြေးလွှားနေသော စိတ်ကို တည်ငြိမ်အောင် ထိန်းနိုင်လာပေလိမ့်မည်။ ထိုအခါ စိတ်သည်လန်းဆန်းပေါ့ပါးကာ စိတ်အလိုကျဖြစ်လာသည်။

ဆက်လက်၍ ကြိုးစားအားထုတ်သော် ကသိုဏ်းဝန်းပေါ် တင်ထားသော စိတ်သည် အပြင်သို့ မထွက်တော့ဘဲ ကသိုဏ်းကိုပဲ သိနေတော့သည်။ သမာဓိတည်နေပြီဟူ၍ ဆိုနိုင်သည်။

ထိုမျှနှင့် ကျေနပ်မနေဘဲ ဆက်လက်ကြိုးစားသော် စိတ်တွင် တန်ခိုးများ ကိန်းဝပ်လာသည်။ စိတ်တန်ခိုးများ ကိန်းဝပ်လာချိန်တွင် ကသိုဏ်းကို မျက်စိဖြင့် ကြည့်နေဘိသကဲ့သို့ ကသိုဏ်းဝန်းကိုမြင်မြင်နေမည်ဖြစ်သည်။ ကသိုဏ်းဝန်း မရှိသော အခြားဘက်သို့ကြည့်သော်လည်း ကသိုဏ်းဝန်းကိုသာ မြင်နေမည်ဖြစ်သည်။ တောတောင်ကောင်းကင်ဘက်သို့ပဲ ကြည့်ကြည့် မည်သည့်ဘက်သို့ပဲကြည့်ကြည့် မျက်စိထဲတွင် ကသိုဏ်းဝန်းကိုပဲ မြင်နေရတော့သည်။ ဥပစာရ သမာဓိအဆင့် ဖြစ်သည်။

## လာဘ်မြင်ခြင်း

ဥပစာရသမာဓိအဆင့် ရောက်သောအခါ 'သမ္ပဇည' ခေါ် သမာဓိပညာ ရလာသည်။

- လုပ်ငန်းနှင့်ပတ်သက်၍ အကျိုးရှိအောင် အသုံးချနိုင်မှု၊ (သာတ္ထကသမ္ပဇည)
- လုပ်ငန်းနှင့်ပတ်သက်၍ သင့်လျော်အောင် အံဝင်ခွင်ကျ ဖြစ်အောင် ခွင်ချနိုင်မှု၊ (သပ္ပါယသမ္ပဇည)
- လုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်သော ဝတ္ထုတို့ကို သိမှု (ဂေါစရသမ္ပဇည)
- မတွေဝေသောအားဖြင့် သိမှု (အသမ္မောဟသမ္ပဇည)။

သိခြင်း လေးမျိုး ရလာသည်။ ယင်း သိခြင်းမျိုးကို အရပ်သိအနေဖြင့် လာဘ်မြင်သည်ဟူ၍ ဆိုနိုင်ကောင်း၏။

## ပထမရျာန်

အားထုတ်သူသည် မျက်စိအာရုံတွင် စွဲထင်နေသည့် ကသိုဏ်းကို မပျောက်မပျက်ဘဲ အားကောင်းနေအောင် ဆက်လက်ရှုရဦးမည် ဖြစ်သည်။ ကသိုဏ်းဝန်းသည် နဂိုနှင့် မတူ ပို၍ ပို၍ နူးညံ့လာသည်။

မိမိကိုယ်တွင် အသက်ရှူခြင်း၊ နှလုံးခုန်ခြင်းများ ညင်သာလာပြီး ယင်းကို သတိထားသိလာနေမည်ဖြစ်သည်။ ဆာလောင်ခြင်းများ သိသိသာသာ နည်းပါးလာသည်။ ဤ အခြေအနေသည် ပထမရျာန် ဆွတ်ခူးခါနီးအခြေအနေမျိုး ဖြစ်သည်။

ထိုအခြေအနေမျိုးအရောက်တွင် မိမိအနီးအပါးမှနေ၍ တစ်စုံတစ်ယောက်က တစ်ခုခုပြောလသလိုလို ကြားရတတ်သည်။ တစ်ခါတစ်ရံ အထိတ်တလန့်ဖြစ်စရာ အသံဗလံမျိုးကိုလည်း မမျှော်လင့်ဘဲ ကြားရတတ်သည်။ မည်သို့ရှိစေ ယင်းတို့ကို ဂရုမစိုက်ဘဲ စိတ်ကို ကသိဏ်းဝန်း၌သာ ထပ်ချပ်မကွာ ကပ်ပေးထားရသည်။ ကသိဏ်းအာရုံ ဂဟေမြဲနေရန် အရေးကြီးပေသည်။

ကသိဏ်းဝန်းအာရုံကို အမြဲမြင်နေရသောအဆင့်တွင် ဆက်လက်၍ ရှုးရှုးစိုက်စိုက်ရှုသော် ထူးဆန်းသော စိတ်တစ်မျိုးသည် မိမိသန္တာန်တွင် ပေါ်ပေါက်၍လာသည်။ ထိုစိတ်သည် မိမိမွေးကတည်းက တစ်ခါမှ မဖြစ်ဘူးသေးသော စိတ်ဖြစ်သည်။ အသစ်ဖြစ်လာသောစိတ်ဟု ဆိုရပေမည်။ ထိုအသစ်ဖြစ်လာသောစိတ်တွင် အရည်အချင်း ငါးမျိုးပါနေသည်။

၁။ စိတ်နှင့်အာရုံကိုစွဲစပ်ပေးတတ်သည့်သဘော (ဝိတက်)

၂။ အာရုံပေါ်တွင် စိတ်ကိုကြာကြာနေနိုင်အောင် ဖန်တီးတတ်သည့်သဘော (ဝိစာရ)

၃။ နှစ်သက်မှုသဘော (ပီတိ)

၄။ ချမ်းသာအေးမြမှုသဘော (သုခ)

၅။ အာရုံ၌စိုက်၍ တည်ကြည်တတ်သည့်သဘော (ဧကဂ္ဂတာ) တို့ ဖြစ်သည်။

ဤစိတ်တွင် လောဘ၊ ဒေါသ၊ မောဟ စသော စိတ်၏ အဆိပ်အတောက်များ ကင်းနေသည်။ ထို့ကြောင့်

သာမန်လူတို့၏ စိတ်ထက် သတ္တိထက်မြက်သည်။ စွမ်းအား ပိုသည်။ အာရုံပေါ်တွင် ပို၍ စူးစူးစိုက်စိုက် ထားနိုင်သော ကြောင့် ထိုင်းမှိုင်းမှု၊ သံသယဖြစ်မှု၊ ဆုတ်နစ်မှု၊ ပျံ့လွင့်မှု၊ တပ်မက်မှုများ လုံးဝ ကင်းပသွားသည်။ ထိုစိတ်သည် ပထမ ဈာန်စိတ်ပင် ဖြစ်သည်။

## ဒုတိယဈာန်

ရရှိထားပြီးဖြစ်သည့် ပထမဈာန်စိတ်ကို ဆင်ခြင် ကြည့်သော် ထိုစိတ်တွင် ဝိတက်ပါသည်။ ဝိစာရပါသည်။ ပီတိပါသည်။ သုခပါသည်။ ဧကဂ္ဂတာ သမာဓိပါသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းတို့ကို ဆင်ခြင်လိုက်၊ ပထမဈာန် စိတ်ကို ဖော်ကြည့်လိုက်၊ ထပ်တလဲလဲ ပြုရမည်။ တစ်ဖန် ဈာန်စိတ်ကို ဖော်ကြည့်ပြီး အချိန် မည်ရွေ့မည်မျှကြာကြာ ထားနိုင်သည်ကို စမ်းသပ်ရသည်။ ထိုစိတ်မျိုး အထပ်ထပ် ဖြစ်နေရန်လည်း အားထုတ်ရသည်။

ဆင်ခြင်ရာတွင် ဤစိတ်၌ပါဝင်နေသော (ဝိတက်)ရှိ နေခြင်းသည် ရန့်ရင်းသေးသည်။ ယင်းကြောင့် ဈာန်စိတ် တွင် ဂယက်ရိုက်နေသေးသည်။ ယင်းမပါရှိလျှင် စိတ်သည် သာ၍ ပို၍ တည်ငြိမ်ပေမည်ဟု ဆင်ခြင်သည်။ ထိုသို့ ဆင်ခြင်ရင်း ဝိတက်သဘောကို လက်လွှတ်ချင်လာသည်။ တောင်တွေး မြောက်တွေး၊ တောင်ကြံ မြောက်ကြံစိတ်ကို သိမ်းဆည်းလိုလားလာသည်။ ကသိုဏ်းဝန်းကိုရှုသည့်အခါ စိတ်ကို အာရုံပေါ်သို့ ကြိုးစားပြီး တင်မနေဘဲ စိတ်က

အာရုံကို သိနေရုံသာထားလိုက်သည်။ ဝိတက်ကို လွှတ်၍ စိတ်နှင့် ကသိုဏ်းအာရုံကို တွေ့ဆိုင်ပေးလိုက်သည်။ ထိုသို့ တွေ့ဆိုင်ဖန်များသောအခါ နောက်ထပ် စိတ်သစ်တစ်မျိုး ပေါ်ပေါက်လာသည်။ ထိုစိတ်တွင် ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ အင်္ဂါလေးပါးသာရှိတော့သည်။ ဝိတက်သဘာဝ ပါဝင်ခြင်းမရှိတော့ပေ။ ထိုစိတ်သည် သုံးသပ်မှုသဘော၊ နှစ်သက်မှုသဘော၊ ငြိမ်းအေးမှုသဘော၊ တည်ငြိမ်မှုသဘော ဖြစ်သည်။ ဝိတက်မပါတော့သော အဆိုပါစိတ်သည် ဒုတိယ ဈာန်စိတ်ပင် ဖြစ်သည်။

**တတိယဈာန်**

တစ်ဖန် အထက်နည်းများအတိုင်း ဝိစာရသဘောကို လွှတ်လိုက်ပါက နောက်ထပ်စိတ်အသစ်တစ်မျိုး ပေါ်လာသည်။ တတိယဈာန်စိတ် ဖြစ်သည်။

**စတုတ္ထဈာန်**

အထက်နည်းအတိုင်း ပီတိသဘောကို လွှတ်လိုက်ပြန်သော် နောက်ထပ်စိတ်အသစ်တစ်မျိုး ပေါ်လာသည်။ စတုတ္ထဈာန်စိတ် ဖြစ်သည်။

**ပဉ္စမဈာန်**

အထက်နည်းအတိုင်း ထပ်မံ၍ သုခသဘောကိုလွှတ် ပြန်သော် နောက်ထပ် စိတ်သစ်တစ်မျိုး ပေါ်လာသည်။

ထိုစိတ်သည် ဥပေက္ခာနှင့် ဧကဂ္ဂတာအားဖြင့် အင်္ဂါနှစ်ရပ်သာ ရှိသော ပဉ္စမဈာန်စိတ်ဖြစ်သည်။ လွန်စွာတည်ငြိမ်အေးချမ်း၍ သိမ်မွေ့လှသောအနေအထားမျိုးပေတည်း။

## အာကာသာနဉ္စာယတနဈာန်

ထိုမှတစ်ဆင့် ထပ်ဆင့်ဖြုတ်ရန်မဖြစ်နိုင်သည်ဖြစ်သောကြောင့် အာရုံဘက်လှည့်ကာ ရုပ်နယ်က အာရုံကို ဖယ်ချရသည်။ ကသိုဏ်းဝန်းကို နောက်ဆုံး လွှတ်လိုက်ရသည်။ ထိုသို့ လွှတ်လိုက်သောအခါ ကသိုဏ်းဝန်း ပျောက်သွားပြီး ဟင်းလင်းဟာလာကိုသာ စူးစိုက်မိပြီး 'အဆုံးမရှိသော ကောင်းကင် လဟာ'ဟု ဆက်လက်၍ ရှုရမည်။ ယင်းကို ဆင်ခြင် ပွားများဖန်များသောအခါ 'အာကာသာနဉ္စာယတန ဈာန်' စိတ်စေတသိတ်တစ်မျိုး ဖြစ်ပေါ်လာသည်။ ထိုဈာန်ကို အသားကျအောင် ဆက်လက်၍ ဆင်ခြင်ရပြန်သည်။

## ဝိညာဏဉ္စာယတနဈာန်

နောက်တစ်ဆင့်တက်ရန်မှာ အာကာဈာန်စိတ်သည် ရုပ်အာရုံပြုသော အောက်နားက စတုတ္ထဈာန်နှင့် နီးနေသေးသည်ဟု နှလုံးသွင်းကာ ကောင်းကင်ပညတ်အာရုံကို လွှတ်လိုက်ပြီး အာကာဈာန်စိတ်ကိုပင် ပြန်၍ အာရုံပြုလျက် အားထုတ်ရပြန်သည်။ အားထုတ်ပွားများဖန်များလာသောအခါ 'ဝိညာဏဉ္စာယတနဈာန်'စိတ်ခေါ် စိတ်သစ်တစ်မျိုး ပေါ်လာပြန်သည်။

## အာကိဉ္စညာယတနဈာန်

ဝိညာဈာန်စိတ်အသားကျပြီးနောက် ရှေ့သို့တက်နိုင်သေးသည်။ ဤဝိညာဉ်စိတ်သည် အာကာဈာန်စိတ်သို့ ပြန်ကျသွားနိုင်သည်ဟု နှလုံးသွင်းလျက် အာကာဈာန်စိတ်ကို အာရုံမပြုတော့ဘဲ လွှတ်လိုက်သည်။ ဤသို့ လွှတ်လိုက်ပြီးနောက် အာကာဈာန်စိတ် လုံး၀ ချုပ်ပျောက်သွားသောအခါ ဘာမျှမကျန်သည့်၊ ဘာမှမရှိသည့် နတ္ထိကိဉ္စိကို ရှုရသည်။ ယင်းကို အဖန်ဖန်ရှုသော် အာကိဥ္စာညာယတနဈာန်စိတ်ခေါ် စိတ်သစ်တစ်မျိုးသည် ဖြစ်ပေါ်သည်။ ဤအာကိန်စိတ်သည် တုန်လှုပ်မှုလုံး၀ကင်းပြီး အတိုင်းမသိငြိမ်သက်၍နေလေသည်။

## နေ၀သညာနာသညာယတနဈာန်

အာကိန်စိတ်ကို ငြိမ်သက်ပေစွ၊ မွန်မြတ်လေစွဟူ၍ အထပ်ထပ် ပွားများသောအခါ နေ၀သညာနာသညာယတနဈာန်စိတ်ခေါ် စိတ်သစ်တစ်မျိုး ပေါ်သည်။ ဤစိတ်သည်ကား စိတ်လောကတွင် ထိပ်ပိတ်ခေါင်ချုပ်ဖြစ်လေသည်။

စိတ်ဟူ၍သာ ဆိုရမည် စိတ်မှ ဟုတ်မှ ဟုတ်ပါလေစွ၊ ရှိသည်ဟုသာ ဆိုရသည် ရှိမှ ရှိပါလေစွဟု ထင်ရလောက်အောင် အလွန် သိမ်မွေ့နူးညံ့လှသည်။

## အဘိညာဉ်

စိတ်သစ်တစ်ခုပေါ်လာတိုင်း ပေါ်လာတိုင်း လက်ရှိစိတ်အပေါ် တွယ်တာမှု ကွာကျမြဲဖြစ်သည်။ မူလ လက်ရှိ

စိတ်အပေါ် အတွယ်အတာကင်း၍ ဆက်လက် အားထုတ်ပါမှ နောက်ထပ် စိတ်သစ်တစ်ခု ပေါ်လာခြင်းဖြစ်သည်။

အဦးအစတွင် ဈာန်ဝင်စားမှုသည် နှေးသော်လည်း ဝင်စားပါများလာသောအခါ မပင်မပန်းဘဲ ပထမဈာန်မှ အဆုံးဈာန်အထိ လျင်လျင်မြန်မြန် ဝင်စားဖော်ထုတ်နိုင်သည်ပင် ဖြစ်သည်။

အစမှ အဆုံးတိုင် အနုလောမနည်း၊ အဆုံးမှ အစ ပဋိလောမနည်း နိုင်နင်းလာသောအခါ တစ်ခုကျော်၊ နှစ်ခုကျော်၊ အလယ်ဖောက် ဝင်စားကြည့်လာနိုင်သည်။ ဝင်စားသည်ဆိုခြင်းမှာ ဈာန်စိတ်ကို ဖော်ထား၊ လွှတ်၊ ဆင်ခြင်စသည်ကို လုပ်နေခြင်းပင် ဖြစ်သည်။

သမာပတ်ကိုးပါးဖြစ်ရာ သမာပတ်ရှစ်ပါးဟူ၍ ဆိုခြင်းမှာ ဉာဏ်နှံ့သူအတွက်ကိုးပါးဖြစ်သော်လည်း ဉာဏ်ထက်သူမှာဝိတက်နှင့်ဝိစာရတစ်ပေါင်းတည်း တစ်ကြိမ်တည်းပယ်ပစ်လိုက်နိုင်၍ သမာပတ်ရှစ်ပါး ဟူ၍ ရေတွက်ခြင်း ဖြစ်သည်။

သမာပတ်ရှစ်ပါးကို နိုင်နင်းပြီးသောအခါ အခြားသော ကသိုဏ်း စသည်ကို ပြောင်း၍ ဖော်ပြပါနည်းအတိုင်း ဝင်စားလေ့ကျင့်နိုင်သည်။ ကသိုဏ်း (၁၀) ပါး စုံလျှင် အစကသိုဏ်းမှ အဆုံးကသိုဏ်းတိုင်အောင် အတက်၊ အဆင်း၊ အထွင်းအဖောက် ဝင်စားနိုင်သည်။ ကသိုဏ်းအားလုံးကို နိုင်ပြီးသောအခါတွင်လည်း သမာပတ်ရှစ်ပါးနှင့် ကသိုဏ်း (၁၀) ပါးကို ရော၍ ကျင့်နိုင်သည်။

ဤသို့ဖြင့် ဒွဲရှိရှိလေ့ကျင့်ဝင်စားဖန်များလာသောအခါ ဈာန်သူရဲကောင်း၏ စိတ်သည် အတိုင်းမသိ သိမ်မွေ့လာ

သည်။ အတိုင်းမသိ စူးရှထက်မြက်လာသည်။ သမာဓိအား အစွမ်းသည်လည်း အတိုင်းမသိကြီးမားလာသည်။ အဘိညာဉ် အဆင့် ရောက်သွားသည်။ အဘိညာဉ်ရသည့်အဆင့်ဖြစ် သည်။ အဘိညာဉ်အဆင့်အရောက်တွင် စိတ်သွားတိုင်း ကိုယ်ပါ၍ လိုရာ အောင်မြင်ခြင်းကို ဖြစ်စေသည်။

ပထမဈာန်မှ စတုတ္ထ၊ ပဥ္စမဈာန်အထိ ဖြစ်သောဈာန် တို့ကို ရူပဈာန်များဟူ၍ ဆိုသည်။ အာကာဈာန်မှ နေဝ ဈာန်အထိကို အရူပဈာန်များဟူ၍ ဆိုသည်။

သမထလမ်းသည် လမ်းရှည်ဖြစ်သည်။ လမ်းရှည် သလောက် အဆင့်လည်း များသည်။ ယင်းအဆင့်အသီးသီး နှင့် ယှဉ်သော သမာဓိဉာဏ်မျက်စိများ ဖြစ်ပေါ်သည်။

သမာဓိဉာဏ်မျက်စိအဆင့်အသီးသီးနှင့် ယှဉ်သော ချမ်းသာခြင်း၊ ဆရာတစ်ဆူ၊ သမားတစ်ဆူဖြစ်ခြင်း၊ စေ တစ်လုံး ပိုင်ရှင်ဖြစ်ခြင်း၊ ကျော်ဇောကိတ္တိမကြီးခြင်းများ ခံစား ကြရသည်။

သစ်တစ်ပင်ကောင်းခြင်းဖြင့် ငှက်တစ်သောင်းတို့အား နားခိုခွင့်များပေးနိုင်သည်။ ဤသည်တို့မှာ သမာဓိဉာဏ် မျက်စိ၏ အစွမ်းတည်း။

## ဆက်လက်ပွားများအားထုတ်ရမည့် တရားဉာဏ်မျက်စိ

ယခုဖော်ပြခဲ့သည်မှာ ကမ္မဋ္ဌာန်းလေးဆယ်ရှိသည့် အနက် ကသိဏ်းကို အခြေခံ၍ ဖော်ပြခြင်းဖြစ်သည်။

အလားတူ အသုဘ (၁၀)ပါး ရှုပွားနည်းကိုလည်း ဖော်ပြပါအတိုင်း အမြင်ပေါက်အောင် ရှုပွားအားထုတ်နိုင်သည်ပင် ဖြစ်သည်။

များသောအားဖြင့် ဉပုသ်စောင့်၊ သက်လွတ်စား၊ အဓိဋ္ဌာန်ပုတီးစိပ်၊ ဂုဏ်တော်ပွားကြသည်က များသည်။ ဤသို့ လုပ်မည်ဆိုလျှင်လည်း ပေါက်ပေါက်မြောက်မြောက် ဖြစ်အောင် အားထုတ်သင့်သည်။ အနုဿတိ (၁၀)ပါး တစ်ပါးပါးကို ဖြစ်ဖြစ်မြောက်မြောက် အားထုတ်သင့်သည်။

ကြီးကိုးကြီး၊ ကြီးငါးကြီး စသဖြင့် အဓိဋ္ဌာန်ပုတီး စိပ်ကြသည်များ ရှိသည်။ ပညတ်အားဖြင့် 'ကြီး' ပါသော ဘုရားများတွင် အဓိဋ္ဌာန်ပုတီးစိပ်ခြင်းဖြစ်သည်။

အချို့က ကကုသန်မြတ်စွာဘုရား၊

ကောဏာဂုံမြတ်စွာဘုရား၊

ကဿပမြတ်စွာဘုရား၊

ဂေါတမမြတ်စွာဘုရား၊

အရိမေတ္တေယျမြတ်စွာဘုရား တို့ကို ရည်မှန်း၍ အဓိဋ္ဌာန်ပုတီးစိပ်သည်။

(၁၀၈)လုံး ပုတီးကုံးဖြင့် ဘုရားတစ်ဆူလျှင် တစ်ပတ် စိပ်သည်။ ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပ ဘုရား၊ ဂေါတမဘုရား အစီအစဉ်အတိုင်း ပုတီးတစ်ပတ်စီ စိပ်သည်။

ဤကမ္ဘာမြတ် ဘဒ္ဒကပ်ဝယ် ပွင့်တော်မူပြီး၊ ပွင့်တော် မူဆဲ၊ ပွင့်တော်မူလတ္တံ့ဖြစ်သော ကကုသန်၊ ကောဏာဂုံ၊

ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျဟုထင်ရှားသည့်ဘုန်းတော်ကြီးမြတ်လှစွာသော မြတ်စွာဘုရား ငါးဆူ၏ နမော ဂုဏ်တော်အပေါင်းကို အောက်မေ့ဆင်ခြင်ဉာဏ်ထဲ မြင်လျက် ဘုရားငါးဆူဖြစ်သော ကကုသန်၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ မြတ်စွာဘုရားငါးဆူ၏ နာမတော်များဖြစ်ကြသော သံ၊ ဂုံ၊ ပ၊ မ၊ ယျကို ပုတီး တစ်လုံးချ (၁၀၈) လုံး ပုတီးကုံးဖြင့် ပုတီးငါးပတ် စိပ်ခြင်းဖြစ်သည်။

ထို့ပြင် ဘုရားဂုဏ်တော်ကိုးပါး ပွားများခြင်း၊ အရဟံဂုဏ်တော်ပြန် ကိုးနဝင်းပွားခြင်း၊ ဗုဒ္ဓအာဝေဏိကဂုဏ်တော်ကို ပွားခြင်း၊ ဂုဏ်တော်ကွန်ခြာ ပုတီးစိပ်ခြင်း၊ သမ္ဗုဒ္ဓေဂါထာ ပုတီးစိပ်ခြင်း စသဖြင့် အားထုတ်တတ်ကြသည်။

မည်သည့် အနုဿတိတရားကိုပင် အားထုတ်အားထုတ် အာရုံမပျံ့မလွင့်ရန် အထူးသတိပြုရမည်။ မိမိပွားများသည့် အနုဿတိတရားအပေါ်တွင် အကြွင်းမဲ့ ယုံကြည်မှုရှိရမည်ဖြစ်သည်။ ဆွဲ၊ လုံ့လ၊ ဝီရိယရှိရမည်ဖြစ်သည်။ သီလ လုံခြုံမှုရှိရမည်ဖြစ်သည်။

ဤသို့ အားထုတ်ရင်း ဥပစာရသမာဓိဖြစ်ပြီး အကျင့်စာဂ၏ တန်ခိုးအစွမ်းကြောင့် သမ္မဇည (ခ) သမာဓိပညာဖြစ်လာမည် ဖြစ်သည်။ အဆင့်တစ်ဆင့်သို့ ရောက်လာသည်ဟု ဆိုရမည်။

သမာဓိပညာ ရလာသည်နှင့်အမျှ

- လုပ်ငန်းနှင့် ပတ်သက်၍ အကျိုးရှိအောင် အသုံးချနိုင်မှု၊

- လုပ်ငန်းနှင့်ပတ်သက်၍ သင့်လျော်အောင် အံဝင်ခွင်ကျဖြစ်အောင် ခွင်ချနိုင်မှု၊
- လုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်သော ဝတ္ထုတို့ကို သိမှု၊
- မတွေဝေသောအားဖြင့် သိမှုများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

အကျိုးဆက်အဖြစ် မိမိလုပ်ကိုင်သောလုပ်ငန်းတွင် အဆင်ပြေမှုများ ရရှိလာတတ်သည်။ လုပ်ငန်း အဆင်ပြေသောအခါ လာဘ်လာဘလည်း အဆင်ပြေလာသည်ပင် ဖြစ်သည်။

ထိုအခါ အားထုတ်သူသည် မိမိ အားထုတ်ကျင့်ကြံသည့် အဓိဋ္ဌာန်လုပ်ငန်း အောင်မြင်ပြီဟုဆိုကာ အဓိဋ္ဌာန်လုပ်ငန်းကို ရပ်တတ်ကြသည်။ ဆုတောင်းပြည့်ပြီဟုပင် အချို့က မှတ်ယူတတ်ကြသည်။ စင်စစ် ဆုတောင်းပြည့်ခြင်း မဟုတ်။ အားထုတ်မှုရလာဒ် အဓိဋ္ဌာန်အောင်ခြင်း၊ အဦးအဆွ တံခါးပွင့်ခြင်း ဖြစ်သည်။ ဆက်လက်အားထုတ်ရမည့် အပိုင်းများ များစွာကျန်ရှိနေသေးသည်။

အချို့သည် အဓိဋ္ဌာန် တစ်ခုပြီး၍ နောက်အဓိဋ္ဌာန်တစ်ခုသို့ ကူးတတ်ကြသည်။ တစ်မှပြန်၍စတတ်ကြသည်။ မည်ကဲ့သို့ ဆက်လက် အားထုတ်ရမည်ကို မသိသဖြင့် ဆက်လက် အားမထုတ်ခြင်း ရှိဟန်တူသည်။

သို့ဖြစ်ရာ မည်သည့်ဆောက်တည်မှုကိုပဲ ပွားများပွားများ၊ မည်သည့်အဓိဋ္ဌာန်ကိုပဲ ကျင့်ကြံ ကျင့်ကြံ၊

မည်သည့် ကမ္မဋ္ဌာန်းဘာဝနာကိုပဲ အားထုတ် အားထုတ်၊ သမ္မဇညခေါ် သမာဓိပညာနှင့်တကွ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်၊ အာကာသာနဉ္စာယတနဈာန်၊ ဝိညာဏဉ္စာယတနဈာန်၊ အာကိဉ္စညာယတနဈာန်၊ နေဝသညာနာသညာယတနဈာန်၊ အဘိညာဏ်ဟူ၍ အဆင့်ဆင့်အထိ ဖြစ်ပေါ်အောင် အားထုတ်ကြရန်ကိုလည်း တင်ပြရပေသည်။

# အခန်း ၃

# ဝိပဿနာဉာဏ်မျက်စိ

သန္တိသုခ (နိဗ္ဗာန်) လမ်း လိုက်မည့် သူများသည် ဝိပဿနာ ဉာဏ်မျက်စိပွင့်ရန် လိုသည်။ ထိုမှတစ်ဆင့် မဂ်ဉာဏ်မျက်စိ၊ ဖိုဉာဏ်မျက်စိ၊ ဝိမုတ္တိရသဉာဏ်မျက်စိများ အဆင့်ဆင့် ပွင့်ရန်ဖြစ်သည်။

ယခု ဤအခန်းတွင် ဝိပဿနာဉာဏ်စဉ်များမှ တစ်ဆင့် သောတာပတ္တိမဂ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ်၊ သောတာပတ္တိဖိုလ်ဉာဏ်၊ သကဒါဂါမိဖိုလ်ဉာဏ်၊ အနာဂါမိဖိုလ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်၊ သောတာပတ္တိဖိုလ်ဉာဏ်၊ သကဒါဂါမိ၏ ဝိမုတ္တိဉာဏ်၊ အနာဂါမိ၏ ဝိမုတ္တိဉာဏ်၊ ရဟန္တာ၏ ဝိမုတ္တိဉာဏ်၊ သောတာပတ္တိ မဂ်နိဗ္ဗာန် ပစ္စဝေက္ခဏာဉာဏ်၊ သောတာပန်၏ သောတာပတ္တိ ဖိုလ်နိဗ္ဗာန် ပစ္စဝေက္ခဏာဉာဏ်၊ သကဒါဂါမိမဂ်မှစ၍ ရဟန္တာ၏ အရဟတ္တမဂ်နိဗ္ဗာန် ပစ္စဝေက္ခဏာဉာဏ်၊

ရဟန္တာ၏ အရဟတ္တဖိုလ်နိဗ္ဗာန်၊ ပစ္စဝေက္ခဏာဉာဏ် အလင်းပေါက်ပုံ လွတ်မြောက်ပုံ အဆင့်ဆင့်ကို တွေ့ရမည်ဖြစ်သည်။

ဝိပဿနာအလုပ်တွင် ပိုင်းခြားသိခြင်း ဉာဏ်အဆင့်သုံးဆင့်ရှိသည်။ ယင်းတို့မှာ–

- ဉာတပရိဉာဏ်
- တီရဏပရိဉာဏ်
- ပဟာနပရိဉာဏ် အဆင့်သုံးဆ င့် ဖြစ်သည်။

ဉာတပရိဉာဏ်ဟူသည် သဘာဝနှင့်တ နာမ်တို့ ရုပ်တို့ကို တခြားစီနေအောင် သိနိုင်မြင်နိုင်သောဉ ဏ်ကို ဆိုသည်။

ယင်းတွင် – နာမရူပ ပရိစ္ဆေဒဉာဏ်
– ပစ္စယပရိဂ္ဂဟဉာဏ်တို့ ပါဝင်သည်။

တီရဏပရိဉာဏ် ဟူသည် ရုပ်နာမ်တို့၏ ဖြစ်ပျက်မစဲ အမြဲမတည်သော အနိစ္စသဘောကိုလည်းကောင်း၊ ကြောက်စရာ ဒုက္ခသဘောကိုလည်းကောင်း၊ ယူစရာ ရစရာ အနှစ်အသားမရှိသောအနတ္တသဘောကိုလည်းကောင်းသိမြင်ဆုံးဖြတ်နိုင်သော ဉာဏ်ကိုဆိုသည်။

ယင်းတွင်

- သမ္မသနဉာဏ်
- ဥဒယဗ္ဗယဉာဏ် တို့ ပါဝင်သည်။

ပဟာနပရိဉာဏ်ဆိုသည်မှာ သိမြင် ဆုံးဖြတ်ပြီးနောက် တဏှာမာနဒိဋ္ဌိ စင်ကင်း၍ အလင်းသို့ အရှင်းသို့ရောက်သော ဉာဏ်ကို ဆိုသည်။

ယင်းတွင်
- ဘင်္ဂဉာဏ်
- ဘယဉာဏ်
- အာဒီနဝဉာဏ်
- နိဗ္ဗိဒါဉာဏ်
- မုစ္စိတုကမျတာဉာဏ်
- ပဋိသင်္ခါဉာဏ်
- သင်္ခါရုပေက္ခာဉာဏ်
- အနုလောမဉာဏ် တို့ ပါဝင်သည်။

**ဒုက္ခသစ္စာ**

ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းကိစ္စသည်
- သမ္မသနဉာဏ်
- ဥဒယဗ္ဗယဉာဏ်
- ဘင်္ဂဉာဏ်အုပ်စု၏ ပဓာနလုပ်ငန်းဖြစ်သည်။

**သမုဒယသစ္စာ**

သမုဒယသစ္စာကို ပယ်စွန့်ခြင်းကိစ္စသည်
- ဘယဉာဏ်
- အာဒီနဝဉာဏ်
- နိဗ္ဗိဒါဉာဏ်အုပ်စု၏ ပဓာနလုပ်ငန်းဖြစ်သည်။

**မဂ္ဂသစ္စာ**

မဂ္ဂသစ္စာကို ပွားများခြင်းသည်

- မုစ္စိတုကမျတာဉာဏ်
- ပဋိသင်္ခါဉာဏ်
- သင်္ခါရုပေက္ခာဉာဏ်အုပ်စု၏ပဓာနလုပ်ငန်း ဖြစ်သည်။

**နိရောဓသစ္စာ**

နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းသည်

- အနုလောမဉာဏ်၏ ပဓာနလုပ်ငန်းဖြစ်သည်။

ဤနေရာတွင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာနှင့် နိရောဓသစ္စာ အဆင့်ဆင့်တက်လှမ်းပုံ ဉာဏ်စဉ်များနှင့် စပ်လျဉ်း၍ ပျံလွန်တော်မူပြီးဖြစ်သော အင်းစိန်မြို့ မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး၏ စတုသစ္စသုဒနီကျမ်းလာ ပညာဉာဏ်မျက်စိပွင့်ပုံ ကျင့်ပုံ အားထုတ်ပုံများကို ကောက်နုတ် ပူဇော်ဖော်ပြအပ်ပါသည်။

**သစ္စာလေးပါး**

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟု ဆိုအပ်သော ထိုလေးပါးသော သစ္စာတို့တွင် ဝိပဿနာစိတ်၏ အာရုံအခိုက် ထင်မှု ရုပ် နာမ်ကို 'ဒုက္ခသစ္စာ'။ ဝိပဿနာစိတ်၏ အာရုံအခိုက်၊ ပယ်မှုတဏှာကို 'သမုဒယသစ္စာ'။ ဝိပဿနာစိတ်၏ အာရုံအခိုက် ချုပ်မှုတဏှာကို

'နိရောဓသစ္စာ'။ ဝိပဿနာစိတ်၏ အာရုံအခိုက် ပွားမှု မဂ္ဂင်ကို 'မဂ္ဂသစ္စာ' ဟု ဆို၏။

ထို့ကြောင့် ဒုက္ခသစ္စာကို 'ထင်သစ္စာ'။ သမုဒယသစ္စာကို 'ပယ်သစ္စာ'။ နိရောဓသစ္စာကို 'မျက်မှောက်ပြုသစ္စာ'။ မဂ္ဂသစ္စာကို 'ပွားသစ္စာ' ဟု မှတ်ရာ၏။

တစ်နည်းဆိုသော် မဂ္ဂသစ္စာကို 'အလုပ်သစ္စာ' ဟု ဆိုရာသည်။ ဒုက္ခသစ္စာကို 'အပေါ်သစ္စာ' ဟု ဆိုရာသည်။ သမုဒယသစ္စာကို 'အပယ်သစ္စာ' ဟု ဆိုရာသည်။ နိရောဓသစ္စာကို 'အချုပ်သစ္စာ' ဟု ဆိုရာသည်။

ထိုလေးပါးတို့တွင် အလုပ်သစ္စာဖြစ်သော မဂ္ဂင် (၈) ပါးကိုလုပ်မှ အပေါ်သစ္စာဖြစ်သော ရုပ် နာမ် ဒုက္ခပေါ်မည်။ အပေါ်သစ္စာဖြစ်သော ရုပ် နာမ် ဒုက္ခပေါ်မှ အပယ်သစ္စာဖြစ်သော သမုဒယသစ္စာ တဏှာပယ်မည်။ အပယ်သစ္စာ သမုဒယ တဏှာပယ်မှ အချုပ်သစ္စာ နိရောဓဖြစ်မည်။ သို့အတွက် အလုပ်သစ္စာဖြစ်သော မဂ္ဂင် (၈)ပါး အလုပ်တရားကိုသာလျှင် မူလထား၍ ကျင့်ကြံ အားထုတ်ရမည်။

ထိုမဂ္ဂင် (၈) ပါး အလုပ်တရားသည်လည်း ဒေသနာအစဉ်အားဖြင့် (၈)ပါး။ သီလ သမာဓိ ပညာအားဖြင့် (၃) ပါး။ သမထ ဝိပဿနာအားဖြင့် (၂)ပါး။ လုပ်နည်းအားဖြင့် သိမှတ်မှုတစ်ပါးသာ ရှိသည်။ ထိုသိမှတ်မှု လုပ်နည်းတရားကို သတိပဋ္ဌာန်ဒေသနာနှင့် ကိုက်ညီအောင် အားထုတ်ရသည်။

**သတိပဋ္ဌာန်လေးပါး**

ထိုသတိပဋ္ဌာန်ဒေသနာ၌လည်း

(၁) ကိုယ်ကို သိမှတ်၍ အားထုတ်သော ကာယာနုပဿနာ သတိပဋ္ဌာန်အားထုတ်နည်းတစ်မျိုး၊

(၂) ဝေဒနာကို သိမှတ်၍ အားထုတ်သော ဝေဒနာနုပဿနာ သတိပဋ္ဌာန်အားထုတ်နည်းတစ်မျိုး၊

(၃) စိတ်ကို သိမှတ်၍ အားထုတ်သော စိတ္တာနုပဿနာ သတိပဋ္ဌာန်အားထုတ်နည်းတစ်မျိုး၊

(၄) ရုပ်သဘော၊ နာမ်သဘောကို သိမှတ်၍ အားထုတ်သော ဓမ္မာနုပဿနာ သတိပဋ္ဌာန်အားထုတ်နည်း တစ်မျိုး ဟူ၍ (၄) မျိုး ရှိသည်။

ကိုယ်ကို သိမှတ်၍ အားထုတ်သော ကာယာနုပဿနာ သတိပဋ္ဌာန် ရုပ်ကမ္မဋ္ဌာန်းတွင်

(က) ထွက်လေ ဝင်လေကို မှတ်၍ အားထုတ်သော အာနာပါန အားထုတ်နည်းတစ်မျိုး၊

(ခ) သွားခြင်း ရပ်ခြင်း စသည်ကိုမှတ်၍ အားထုတ်သော ဣရိယာပုထ် အားထုတ်နည်းတစ်မျိုး၊

(ဂ) ကွေးခြင်း ဆန့်ခြင်း စသည်ကိုမှတ်၍ အားထုတ်သော သမ္ပဇဉ အားထုတ်နည်းတစ်မျိုး၊

(ဃ) ပထဝီ စသော ဓာတ်ကြီး(၄)ပါးကို မှတ်၍ အားထုတ်သော ဓာတုမနသိကာရ အားထုတ်နည်းတစ်မျိုး၊

(င) ဆံပင် မွေးညှင်း ခြေသည်း လက်သည်း အစ ရှိသော (၃၂) ခုသော ကောဋ္ဌာသ အစုကိုမှတ်၍ အားထုတ်သော 'ဒွတ္တိံသ ကောဋ္ဌာသ' ခေါ် ပဋိကူလ မနသိကာရ အားထုတ်နည်းတစ်မျိုး၊

(စ) သုဿာန်၌ သူသေကောင် စသည်ကိုမှတ်၍ အားထုတ်သော သိဝထိအားထုတ်နည်း(၉)မျိုး၊ ဤသို့ဖြင့် ကာယာနုပဿနာ သတိပဋ္ဌာန် ရုပ်ကမ္မဋ္ဌာန်းအားထုတ်နည်းသည်(၁၄) မျိုးရှိသည်။

ထို (၁၄) မျိုးတို့တွင် သွားခြင်း ရပ်ခြင်း စသော ဣရိယာပုထ် အားထုတ်နည်း။ ကွေးခြင်း ဆန့်ခြင်း စသော သမ္ပဇဉ်အားထုတ်နည်း။ ပထဝီ စသော ဓာတ်အားထုတ်နည်း။ ဤအားထုတ်နည်း (၃) မျိုးကို မြတ်စွာဘုရားသည် 'ဝိပဿနာ' ၏ အစွမ်းအားဖြင့် ဟောတော်မူအပ်၏။

ထွက်လေ ဝင်လေကိုမှတ်၍ အားထုတ်သော အာနာပါန အားထုတ်နည်း။ ဆံပင် မွေးညှင်း စသော (၃၂) ပါးသော ကောဋ္ဌာသကို မှတ်၍ အားထုတ်သော ပဋိကူလ အားထုတ်နည်း။ ဤအားထုတ်နည်း (၂) မျိုးကို 'သမထ' ၏ အစွမ်းအားဖြင့် မြတ်စွာဘုရားသည် ဟောတော်မူအပ်၏။

သုဿာန်၌ သူသေကောင် စသည်ကိုမှတ်၍ အားထုတ်သော သိဝထိ (၉) နည်းကိုကား 'သမထ' အရာ၌ဆိုလျှင် 'အသုဘကမ္မဋ္ဌာန်း' ထဲ၌ဝင်၏။ 'ဝိပဿနာ' အရာ၌ဆိုလျှင် ဝိပဿနာဉာဏ်စဉ် 'အာဒီနဝါ' နုပဿနာဉာဏ်' ၏

အာရုံသာဖြစ်၏ဟု အဋ္ဌကထာဆရာဆိုသောကြောင့် ဝိပဿနာကို အားထုတ်လိုသော ရဟန်း ရှင် လူတို့သည် သွားခြင်း ရပ်ခြင်း စသော ဣရိယာပုထ် အားထုတ်နည်း၊ ကွေးခြင်း ဆန့်ခြင်း စသော သမ္ပဇဉ် အားထုတ်နည်း။ ပထဝီဓာတ် အစရှိသော ဓာတ်(၄)ပါး အားထုတ်နည်း။ ဤ(၃)ပါးသော အားထုတ်နည်းကို အားထုတ်သင့်သည်။

## ဣရိယာပုထ် ၄ ပါး ရှုမှတ်ခြင်း

ရှုမှတ်အားထုတ်နည်းမှာ

(၁) သွားသောခဏ၊ သွား သွားတယ်ဟု သွားသော အမူအရာ၌ စိတ်ကို ထားပြီး သတိကပ်၍ သွားတယ် သွားတယ်ဟု မှတ်ရသည်။

(၂) ရပ်သောခဏ၊ ရပ် ရပ်တယ်ဟု ရပ်သောအမူအရာ၌ စိတ်ကိုထားပြီး သတိကပ်၍ ရပ်တယ် ရပ်တယ်ဟု မှတ်ရသည်။

(၃) ထိုင်သောခဏ၊ ထိုင် ထိုင်တယ်ဟု၊ ထိုင်သောအမူအရာ၌ စိတ်ကိုထားပြီး သတိကပ်၍ ထိုင်တယ် ထိုင်တယ်ဟု မှတ်ရသည်။

(၄) အိပ်သောခဏ၊ အိပ် အိပ်တယ်ဟု၊ အိပ်သော အမူအရာ၌ စိတ်ကိုထားပြီး သတိကပ်၍ အိပ်တယ် အိပ်တယ်ဟု မှတ်ရသည်။

ဤသို့ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်းဟု ဆိုအပ်သော ကိုယ်အမူအရာ၌ စိတ်ကိုထား၍ အနားရေး

ဖြင့်ပြည့်သော ဆီခွက်ကို ကိုင်သော ယောကျာ်းသည် ဆီ မဖိတ်အောင် စောင့်ရှောက်ဘိသကဲ့သို့ ကိုယ်၌ မှတ်မှုသတိ ဖြင့် စောင့်ရှောက်ရမည် ဖြစ်သည်။

သွားသောခဏ၊ သွား သွားတယ်၊ သွားတယ် မှတ်၊ မှတ်တယ်ဟု သိမှတ် ပိုင်းခြားသောဉာဏ်ဖြင့် မသွားမီက ရုပ်အစဉ်၊ သွားသောရုပ်အစဉ်၊ ကိလေသာနှင့် မစပ် ပြတ် သော အပိုင်းအခြားထင်၏။ သွားသော ရုပ်အစဉ်၊ သွားတယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့် မစပ် ပြတ်သော အပိုင်းအခြား ထင်၏။

သွားတယ် မှတ်သော စိတ်အစဉ်၊ သွားတယ်မှတ်၊ မှတ်တယ်, မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့် မစပ် ပြတ်သော အပိုင်းအခြားထင်၏။

ရပ်သောခဏ။ ရပ် ရပ်တယ်၊ ရပ်တယ်မှတ်၊မှတ်တယ် ဟု သိမှတ်ပိုင်းခြားသော ဉာဏ်ဖြင့် မရပ်မီက ရုပ်အစဉ်၊ ရပ် သောရုပ်အစဉ်၊ ကိလေသာနှင့် မစပ်၊ ပြတ်သော အပိုင်း အခြားထင်၏။ ရပ်သော ရုပ်အစဉ်၊ ရပ်တယ် မှတ်သော စိတ် အစဉ်၊ ကိလေသာနှင့် မစပ်ပြတ်သော အပိုင်းအခြား ထင်၏။ ရပ် ရပ်တယ်မှတ်သော စိတ်အစဉ်၊ ရပ်တယ်မှတ်သော စိတ် အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။

ထိုင်သောခဏ၊ ထိုင် ထိုင်တယ်။ ထိုင်တယ်မှတ်၊ မှတ်တယ်ဟု သိမှတ် ပိုင်းခြားသောဉာဏ်ဖြင့် မထိုင်မီက ရုပ်အစဉ် ထိုင်သော ရုပ်အစဉ် ကိလေသာနှင့်မစပ် ပြတ် သော အပိုင်းအခြားထင်၏။ ထိုင်သော ရုပ်အစဉ်၊ ထိုင်တယ်

မှတ်သော စိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။ ထိုင် ထိုင်တယ်မှတ်သော စိတ်အစဉ်၊ ထိုင်တယ်မှတ် မှတ်တယ်မှတ်သော စိတ်အစဉ်၊ ကိလေသာ နှင့် မစပ် ပြတ်သော အပိုင်းအခြား ထင်၏။

အိပ်သောခဏ၊ အိပ် အိပ်တယ်။ အိပ်တယ်မှတ် မှတ်တယ်ဟု သိမှတ် ပိုင်းခြားသော ဉာဏ်ဖြင့် မအိပ်မီက ရုပ်အစဉ် အိပ်သော ရုပ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။ အိပ်သော ရုပ်အစဉ်၊ အိပ်တယ်မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့် မစပ် ပြတ်သော အပိုင်းအခြား ထင်၏။ သိမှတ်ပိုင်းခြားသော ဉာဏ်မှာ ဝိညာဏ်၏ အာရုံထင်မှုအတိုင်း ရုပ်သက်သက် နာမ်သက်သက် မျှသာထင်၏။ ကိလေသာ၏ အာရုံ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမ မထင်။

## နာမရူပ ပရိစ္ဆေဒဉာဏ်

ဤသို့ ဣရိယာပုထ်(၄)ပါး ရှုမှတ်သော် သွားဆဲခဏ သွား တခြား၊ သွားတယ် တခြား။ မှတ်တာ တခြား။ အာရုံ၌ ထင်ရုံမျှကို ရုပ် နာမ် ကွဲသည်ဟု ဆို၏။ ရုပ်ဆဲ ခဏ၊ ရုပ်တခြား။ ရုပ်တယ် တခြား။ မှတ်တာ တခြား။ အာရုံ၌ ထင်ရုံမျှကို ရုပ် နာမ် ကွဲသည်ဟုဆို၏။ ထိုင်ဆဲ ခဏ၊ ထိုင် တခြား၊ ထိုင်တယ် တခြား။ မှတ်တာ တခြား၊ အာရုံ၌ ထင်ရုံမျှကို ရုပ် နာမ် ကွဲသည်ဟု ဆို၏။ အိပ်ဆဲ

ခဏ၊ အိပ်တခြား၊ အိပ်တယ် တခြား။ မှတ်တာ တခြား။ အာရုံ၌ ထင်ရှားမှုကို ရုပ် နာမ် ကွဲသည်ဟု ဆို၏။

သွား တခြား။ သွားတယ် တခြား။ မှတ်တာ တခြား။ ထင်ရာ၌ သွားထဲ၌လဲ ဖြစ်ခွင့်ထိုက်ရာ **ငါမပါ**။ သွားတယ် ၌လဲ ဖြစ်ခွင့်ထိုက်ရာ **ငါမပါ**။ မှတ်တာ၌လဲ ဖြစ်ခွင့်ထိုက်ရာ **ငါမပါ**။ ငါမပါသဖြင့် သွား ဆိုတာက **မှတ်စရာအာရုံ**။ အာရုံဆိုတာက **ရုပ်**။ သွားတယ်ဆိုတာက မှတ်တဲ့ စိတ်။ စိတ်ဆိုတာက **နာမ်**။ မှတ်ဆိုတာက **သတိ ပညာ ဝိပဿနာ**။ ဝိပဿနာ ဆိုတာက **ဉာဏ်**။

ထိုင် တခြား။ ထိုင်တယ် တခြား။ မှတ်တာ တခြား ထင်ရာ၌။ ထိုင် ထဲ ၌လဲ ဖြစ်ခွင့်ထိုက်ရာ **ငါမပါ**။ ထိုင်တယ် ၌လဲ ဖြစ်ခွင့်ထိုက်ရာ **ငါမပါ**။ မှတ်တာ၌လဲ ဖြစ်ခွင့်ထိုက်ရာ **ငါမပါ**။ ငါမပါသဖြင့် ထိုင် ဆိုတာက **မှတ်စရာအာရုံ**။ အာရုံဆိုတာက **ရုပ်**။ ထိုင်တယ်ဆိုတာက မှတ်တဲ့စိတ်။ စိတ် ဆိုတာက **နာမ်**။ မှတ်ဆိုတာက **သတိ ပညာ ဝိပဿနာ**။ ဝိပဿနာဆိုတာက **ဉာဏ်**။

အိပ် တခြား။ အိပ်တယ် တခြား။ မှတ်တာတခြား။ ထင်ရာ၌။ အိပ် ထဲ၌လဲ ဖြစ်ခွင့်ထိုက်ရာ **ငါမပါ**။ အိပ်တယ် ၌လဲ ဖြစ်ခွင့်ထိုက်ရာ **ငါမပါ**။ မှတ်တာ၌လဲ ဖြစ်ခွင့်ထိုက်ရာ **ငါမပါ**၊ ငါမပါသဖြင့် အိပ် ဆိုတာက **မှတ်စရာအာရုံ**။ အာရုံ ဆိုတာက **ရုပ်**။ အိပ်တယ် ဆိုတာက မှတ်တဲ့စိတ်။ စိတ် ဆိုတာက **နာမ်**။ မှတ်ဆိုတာက **သတိ ပညာ ဝိပဿနာ**။ ဝိပဿနာဆိုတာက **ဉာဏ်**။

(ရုပ် နာမ်ကို ပိုင်းခြား၍ သိသော ဉာဏ်သည် နာမရူပ ပရိစ္ဆေဒဉာဏ်တည်း။)

**ပစ္စယပရိဂ္ဂဟဉာဏ်**

ဤသို့ ဣရိယာပုထ် (၄)ပါး၌ မှတ်ခိုက် မှတ်ခိုက် တခြားစီ ထင်ပါများသော်

(၁) သွားသောအမှုအရာ၌ သွားချင်တာကိုလည်း သိ၏။ သွားတာကိုလည်း သိ၏။ သွားချင်သောကြောင့် သွားတာကိုလည်း သိ၏။ ထို့ကြောင့် သွားချင်၊ သွားချင်တယ်။ သွား သွားတယ်။ သွားတယ် မှတ်၊ မှတ်တယ် ဟုလည်း မှတ်၏။

(၂) ရပ်သောအမှုအရာ၌ ရပ်ချင်တာကိုလည်း သိ၏၊ ရပ်တာကိုလည်း သိ၏။ ရပ်ချင်သောကြောင့် ရပ်တာကိုလည်း သိ၏။ ထို့ကြောင့် ရပ်ချင်၊ ရပ်ချင်တယ်။ ရပ် ရပ်တယ်၊ ရပ်တယ်မှတ်၊ မှတ်တယ်ဟုလည်း မှတ်၏။

(၃) ထိုင်သောအမှုအရာ၌ ထိုင်ချင်တာ ကိုလည်း သိ၏။ ထိုင်တာကိုလည်း သိ၏။ ထိုင်ချင်သောကြောင့် ထိုင်တာကိုလည်း သိ၏။ ထို့ကြောင့် ထိုင်ချင်၊ ထိုင်ချင်တယ်။ ထိုင် ထိုင်တယ်။ ထိုင်တယ်မှတ်၊ မှတ်တယ် ဟုလည်း မှတ်၏။

(၄) အိပ်သောအမှုအရာ၌ အိပ်ချင်တာကိုလည်း သိ၏။ အိပ်တာကိုလည်း သိ၏။ အိပ်ချင်သောကြောင့်

အိပ်တာကိုလည်း သိ၏။ ထို့ကြောင့် အိပ်ချင်၊ အိပ်ချင်တယ်။ အိပ် အိပ်တယ်၊ အိပ်တယ်မှတ်၊ မှတ်တယ်ဟုလည်း သိ၏။

ထိုသို့ မှတ်သဖြင့် သွား သွားတယ်၊ ရပ် ရပ်တယ်၊ ထိုင် ထိုင်တယ်၊ အိပ် အိပ်တယ်ဟု မှတ်တာက မူလအမှတ်။ သွားချင် သွားချင်တယ်၊ ရပ်ချင် ရပ်ချင်တယ်၊ ထိုင်ချင် ထိုင်ချင်တယ်၊ အိပ်ချင် အိပ်ချင်တယ် မှတ်တာက **အမှတ်တိုးတာ**။ အမှတ်တိုးသဖြင့် မှတ်စရာများသည်။ မှတ်စရာများသဖြင့် အသိပွားသည်။ အသိပွားသည်ကို **ဉာဏ်တိုးသည်၊ ဉာဏ်တက်သည်**ဟု ဆိုရသည်။

(၁) ထိုသို့ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းဟု ဆိုအပ်သော ဣရိယာပုထ် (၄)ပါးတို့ကို မှတ်ရာ၌ သွားသောခဏ၊ သွားချင်သောကြောင့် သွား၏ဟု ထင်ရာ၌၊ သွားချင်တာက အကြောင်းထင်တာ၊ သွားတာက အကျိုးထင်တာ၊ သွားချင်သော အကြောင်းက သွားတာမဟုတ်။ သွားသောအကျိုးက သွားချင်တာမဟုတ်။ သွားချင်သောကြောင့်လည်း သွားတာပင်ဟုတ်၏။ သွားချင်သော အကြောင်း၌လည်း ပြုလုပ်တတ်တာ ငါမပါ။ သွားသောအကျိုး၌လည်း ခံစားတတ်တာ ငါမပါ။ ငါမပါသဖြင့် (မှတ်ဆဲခဏ၌) **အကြောင်းနှင့် အကျိုး သက်သက် ထင်နေသည်ကို** အကြောင်းပါ သိမ်းဆည်း၍ ထင်သော 'ပစ္စယပရိဂ္ဂဟဉာဏ်' ထင်သည်ဟု ဆိုရာ၏။

(၂) ရုပ်သောခဏ၊ ရုပ်ချင်သောကြောင့် ရုပ်၏ဟု ထင်ရာ၌၊ ရုပ်ချင်တာက အကြောင်းထင်တာ၊ ရုပ်တာက အကျိုးထင်တာ၊ ရုပ်ချင်သောအကြောင်းက ရုပ်တာမဟုတ်။ ရုပ်သောအကျိုးက ရုပ်ချင်တာမဟုတ်၊ ရုပ်ချင်သောကြောင့်လည်း ရုပ်တာပင် ဟုတ်၏။ ရုပ်ချင်သောအကြောင်း၌လည်း ပြုလုပ်တတ်တာ **ငါ မပါ**။ ရုပ်သောအကျိုး၌လည်း ခံစားတတ်တာ **ငါ မပါ**။ ငါမပါသဖြင့် (မှတ်ဆဲခဏ၌) **အကြောင်းနှင့် အကျိုးသက်သက် ထင်နေသည်ကို** အကြောင်းပါ သိမ်းဆည်း၍ ထင်သော 'ပစ္စယပရိဂ္ဂဟဉာဏ်' ထင်သည်ဟု ဆိုရာ၏။

(၃) ထိုင်သောခဏ၊ ထိုင်ချင်သောကြောင့် ထိုင်၏ဟု ထင်ရာ၌ ထိုင်ချင်တာက အကြောင်းထင်တာ။ ထိုင်တာက အကျိုးထင်တာ။ ထိုင်ချင်သောအကြောင်းက ထိုင်တာ မဟုတ်။ ထိုင်သောအကျိုးက ထိုင်ချင်တာ မဟုတ်။ ထိုင်ချင်သောကြောင့်လည်း ထိုင်တာပင် ဟုတ်၏။ ထိုင်ချင်သော အကြောင်း၌လည်း ပြုလုပ်တတ်တာ ငါမပါ။ ထိုင်သောအကျိုး၌လည်း ခံစားတတ်တာ ငါမပါ။ ငါမပါသဖြင့် (မှတ်ဆဲခဏ၌) အကြောင်းနှင့် အကျိုးသက်သက် ထင်၍နေသည်ကို အကြောင်းပါ သိမ်းဆည်း၍ထင်သော 'ပစ္စယပရိဂ္ဂဟဉာဏ်' ထင်သည်ဟု ဆိုရာ၏။

(၄) အိပ်သောခဏ၊ အိပ်ချင်သောကြောင့် အိပ်၏ဟု ထင်ရာ၌၊ အိပ်ချင်တာကအကြောင်းထင်တာ။ အိပ်တာက အကျိုးထင်တာ။ အိပ်ချင်သော အကြောင်းက အိပ်တာမဟုတ်။ အိပ်သော အကျိုးကလည်း အိပ်ချင်တာ မဟုတ်။ အိပ်ချင်သောကြောင့်လည်း အိပ်တာပင်ဟုတ်၏။ အိပ်ချင်သော အကြောင်း၌လည်း ပြုလုပ်တတ်တာ **ငါမပါ**။ အိပ်သောအကျိုး၌လည်း ခံစားတတ်တာ **ငါမပါ**။ ငါမပါသဖြင့် (မှတ်ဆဲခဏ၌) **အကြောင်းနှင့် အကျိုးသက်သက်ထင်၍နေသည်ကို** အကြောင်းပါ သိမ်းဆည်း၍ ထင်သော 'ပစ္စယပရိဂ္ဂဟဉာဏ်' ထင်သည်ဟု ဆိုရာ၏။ မြင်သောခဏ၊ ကြားသောခဏ၊ နံသောခဏ၊ စားသောခဏ၊ ထိသောခဏတို့၌လည်း အတူတူပင် ဖြစ်သည်။

(နာမ် ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းနိုင်သော ဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်တည်း။)

## သမ္မသနဉာဏ်

ဤသို့ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းဟု ဆိုအပ်သော ဣရိယာပုထ် (၄)ပါးတို့၌ မှတ်ခိုက်၊ မှတ်ခိုက် သွားချင်သော၊ ရပ်ချင်သော၊ ထိုင်ချင်သော၊ အိပ်ချင်သော **အကြောင်းသဘော**နှင့် သွားသော ရပ်သော ထိုင်သော အိပ်သော **အကျိုးသဘော** ထင်ပါများသော်

(၁) သွားသောအခိုက်၌ ယခု သွားခြင်းကား သွားပြီးတာကလဲ **မပါလာ**၊ မသွားရသေးတာသို့လဲ **ပါမသွား**၊ သွားနေ တုန်းတွင် **ကုန်တာပဲ**ဟု သုံးသပ်၏။ အတွင်းသွားခြင်းကား အပသွားခြင်းသို့ မပါ။ အကြမ်းသွားခြင်းကား အနုသွားခြင်းသို့ မပါ။ အယုတ်သွားခြင်းကား အမြတ်သွားခြင်းသို့ မပါ။ သွားနေတုန်းပင် **ကုန်တာပဲ**ဟု သုံးသပ်၏။ ဤ ၁၁ ဌာနတို့၌ စိတ်ကူးပြောင်းတိုင်း ကူးပြောင်းတိုင်း တစ်ခုမှ တစ်ခုသို့ မပါဟု မှတ်စိတ်၌သာ ထင်၍နေခြင်းကို ရုပ် နာမ်ကို သုံးသပ်သော သမ္မသနဉာဏ် အာရုံဟု ဆို၏။

(၂) ရုပ်သောအခိုက်၌ ယခုရုပ်ခြင်းကား ရုပ်ပြီးတာကလဲ **ပါမလာ**၊ မရုပ်သေးတာသို့လဲ **ပါမသွား**။ ရုပ်နေတုန်းတွင် **ကုန်တာပဲ** ဟု သုံးသပ်၏။ အတွင်းရုပ်ခြင်းကား အပြင်ရုပ်ခြင်းသို့ မပါ။ အကြမ်းရုပ်ခြင်းကား အနုရုပ်ခြင်းသို့မပါ။ အယုတ်ရုပ်ခြင်းကား အမြတ်ရုပ်ခြင်းသို့ မပါ။ အဝေးရုပ်ခြင်းကား အနီးရုပ်ခြင်းသို့မပါ။ ရုပ်နေတုန်းတွင် **ကုန်တာပဲ**ဟု သုံးသပ်၏။ ဤ (၁၁)ဌာနတို့၌ စိတ် ကူးပြောင်းတိုင်း ကူးပြောင်းတိုင်း တစ်ခုမှ တစ်ခုသို့ မပါဟု မှတ်စိတ်၌သာ ထင်၍နေခြင်းကို ရုပ် နာမ်ကို သုံးသပ်သော 'သမ္မသနဉာဏ်' အာရုံထင်သည်ဟု ဆိုရ၏။

(၃) ထိုင်သောအခိုက်၌ ယခု ထိုင်ခြင်းကား ထိုင်ပြီးတာကလဲ **ပါမလာ**။ မထိုင်ရသေးတာသို့လဲ **ပါမသွား**။

ထိုင်နေတုန်းတွင် **ကုန်တာပဲ**ဟု သုံးသပ်၏။ အတွင်းထိုင်ခြင်းကား အပထိုင်ခြင်းသို့ မပါ။ အကြမ်းထိုင်ခြင်းကား အနုထိုင်ခြင်းသို့ မပါ။ အယုတ်ထိုင်ခြင်းကား အမြတ်ထိုင်ခြင်းသို့ မပါ။ အဝေးထိုင်ခြင်းကား အနီးထိုင်ခြင်းသို့ မပါ။ ထိုင်နေတုန်းတွင် **ကုန်တာပဲ**ဟု သုံးသပ်၏။ ဤ (၁၁) ဌာနတို့၌ စိတ် ကူးပြောင်းတိုင်း၊ ကူးပြောင်းတိုင်း တစ်ခုမှ တစ်ခုသို့ မပါဟု မှတ်စိတ်၌သာ ထင်၍နေခြင်းကို သုံးသပ်သော 'သမ္မသနဉာဏ်' အာရုံ ထင်သည်ဟု ဆိုရ၏။

(၄) အိပ်သောခဏ၌ ယခု အိပ်ခြင်းကား အိပ်ပြီးတာကလဲ **ပါမလာ**။ မအိပ်ရသေးတာသို့လဲ **ပါမသွား**။ အိပ်နေတုန်းတွင် **ကုန်တာပဲ**ဟု သုံးသပ်၏။ အတွင်းအိပ်ခြင်းကား အပအိပ်ခြင်းသို့ မပါ။ အကြမ်းအိပ်ခြင်းကား အနု အိပ်ခြင်းသို့မပါ။ အယုတ်အိပ်ခြင်းကား အမြတ်အိပ်ခြင်းသို့မပါ။အဝေးအိပ်ခြင်းကား အနီးအိပ်ခြင်းသို့ မပါ။ အိပ်နေတုန်းတွင် **ကုန်တာပဲ** ဟုသုံးသပ်၏။ဤ (၁၁)ဌာနတို့၌ စိတ်ကူးပြောင်းတိုင်း ကူးပြောင်းတိုင်း တစ်ခုမှတစ်ခုသို့မပါဟု မှတ်စိတ်၌သာ ထင်၍နေခြင်းကိုရုပ်နာမ်ကိုသုံးသပ်သော 'သမ္မသနဉာဏ်'အာရုံထင်သည်ဟုဆိုရ၏။ မြင်ခိုက်၊ ကြားခိုက်၊နံ့ခိုက်၊ စားခိုက်၊ ထိခိုက်၊ သိခိုက်တို့၌လည်း အတူတူပင်ဖြစ်သည်။

ဤသို့ ဖောက်ပြန်မှု ရုပ်သဘောနှင့် ညွတ်မှု နာမ်သဘော (၂)ခုကို ရှုမှတ်သော အခိုက်၊ အခိုက် အာရုံ၌ ပိုင်း

ခြားမှတ်သားသော်ဖောက်ပြန်မှုရုပ်စု ညွတ်မှုနာမ်စုမှတစ်ပါး။ တခြား သတ္တဝါဟု ရှုသောစိတ် မရှိသောကြောင့် သတ္တဝါကို မမြင်ဟု ဆိုရ၏။ သတ္တဝါ မမြင်သည်ကို သတ္တဝါအမှတ်ကွာသည်ဟု ဆိုရ၏။ ဤသတ္တဝါဟု မှတ်မှုကွာသော စိတ်ဖြင့် ဖောက်ပြန်မှုညွတ်မှုဟု ဆိုအပ်သော ရုပ် နာမ် သင်္ခါရတို့ကို သိမ်းဆည်းသောသူအား သတ္တဝါ ရှိ၏ဟု အယူမှားစိတ် မရှိသောကြောင့် 'ဒိဋ္ဌိ' မဖြစ်။ ဒိဋ္ဌိ မဖြစ်ခြင်းကြောင့် ဒိဋ္ဌိကွာသည် ဆိုရ၏။ ဤဒိဋ္ဌိကွာသော စိတ်ဖြင့် ဖောက်ပြန်မှုညွတ်မှုဟု ဆိုအပ်သော ရုပ် နာမ် သင်္ခါရတို့ကို သိမ်းဆည်းသောသူအား ထောင်လွှားစရာ မာနမရှိသောကြောင့်'မာန' မဖြစ်။ မာန မဖြစ်ခြင်းကြောင့် မာနကွာသည်ဟု ဆိုရ၏။ ဤမာနကွာသော စိတ်ဖြင့် ဖောက်ပြန်မှု ညွတ်မှုဟု ဆိုအပ်သော။ ရုပ် နာမ် သင်္ခါရတို့ကို သိမ်းဆည်းသောသူအား တပ်မက်စရာမရှိသောကြောင့် 'နိကန္တိတဏှာ' မဖြစ်။ နိကန္တိတဏှာ မဖြစ်ခြင်းကြောင့် တဏှာကုန်သည်ဟု ဆိုရာ၏။ ထို့ကြောင့် ဤဉာဏ်တွင် တဏှာမာနဒိဋ္ဌိ ကွာပြီဖြစ်သည်။

(ရုပ် နာမ် တို့အပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သုံးသပ်သော ဉာဏ်သည် သမ္မသဉာဏ်တည်း။)

## ဥဒယဗ္ဗယဉာဏ်

သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်းဟု ဆိုအပ်သော ဣရိယာပုထ် (၄)ပါးတို့၌ မှတ်ခိုက် မှတ်ခိုက် ကုန်တာပဲဟု သုံးသပ်ပါများသော်

၁။ သွားသောခဏ။ သွား သွားတယ်၊ မှတ်သဖြင့်အသစ် အသစ်ဖြစ်၍၊ အဟောင်း အဟောင်း ပျောက်သည်ဟု မှတ်တိုင်း မှတ်တိုင်း အာရုံ၌ ထင်၏။

၂။ ရပ်သောခဏ။ ရပ် ရပ်တယ် မှတ်သဖြင့် အသစ် အသစ် ဖြစ်၍ အဟောင်း အဟောင်း ပျောက်သည်ဟု မှတ်တိုင်း မှတ်တိုင်း အာရုံ၌ ထင်၏။

၃။ ထိုင်သောခဏ။ ထိုင် ထိုင်တယ် မှတ်သဖြင့် အသစ် အသစ် ဖြစ်၍ အဟောင်း အဟောင်း ပျောက်သည်ဟု မှတ်တိုင်း မှတ်တိုင်း အာရုံ၌ ထင်၏။

၄။ အိပ်သောခဏ။ အိပ် အိပ်တယ် မှတ်သဖြင့်၊ အသစ် အသစ်ဖြစ်၍ အဟောင်း အဟောင်း ပျောက်သည်ဟု မှတ်တိုင်း မှတ်တိုင်း အာရုံ၌ ထင်၏။

ထိုလေးပါးတို့တွင် သွား သွားတယ် မှတ်သဖြင့်၊ အသစ် အသစ် ဖြစ်၍၊ အဟောင်း အဟောင်း ပျောက်သည် ဟု မှတ်တိုင်း မှတ်တိုင်း အာရုံမှာ ထင်ရာ၌၊ အသစ် အသစ် ဖြစ်တာက နိဗ္ဗတ္တိလက္ခဏာ အဖြစ်ထင်တာ။ အဟောင်း အဟောင်း ပျောက်တာက ဝိပရိဏာမလက္ခဏာ အပျက်ထင် တာ။ အဖြစ်ထင်တာက ဥဒယသဘော။ အပျက်ထင်တာက ဝယ သဘော။ အဖြစ်အပျက် ထင်တာက ဥဒယဗ္ဗယ သဘော။ ပျက်တာက အနိစ္စ။ ပျက်သောအခြင်းအရာက အနိစ္စလက္ခဏာ။ ဘေးထင်တာက ဒုက္ခ။ ဘေးထင်သော အခြင်းအရာက ဒုက္ခလက္ခဏာ။ အစိုးမရတာက အနတ္တ။ အစိုးမရသော အခြင်းအရာက အနတ္တလက္ခဏာ။ ရှုမှတ်

သော သူ၏ အာရုံမှာ အသစ် အသစ်ဖြစ်၍ အဟောင်း အဟောင်း ပျောက်သည်။ ဖြစ်ဖြစ်လာ၍ ပျက်ပျက်သွား သည်။ အစ အစပေါ်ပြီး အဆုံး အဆုံး ပျောက် ပျောက် သွားသည်ဟု ထင်မြင်လာသည်ကို 'ဥဒယဗ္ဗယဉာဏ်' ထင် သည်ဟု ဆိုရာ၏။

ရပ် ရပ်တယ် မှတ်သဖြင့် အသစ် အသစ်ဖြစ်၍ အဟောင်း အဟောင်း ပျောက်သည်ဟု မှတ်တိုင်း မှတ်တိုင်း အာရုံမှာထင်ရာ၌ အသစ် အသစ်ဖြစ်တာက နိဗ္ဗတ္တိလက္ခဏာ အဖြစ် ထင်တာ။ အဟောင်း အဟောင်းပျောက်တာက ဝိပရိဏာမလက္ခဏာ အပျက်ထင်တာ၊ အဖြစ်ထင်တာက ဥဒယ သဘော။ အပျက်ထင်တာက ဝယသဘော။ အဖြစ် အပျက်ထင်တာက ဥဒယဗ္ဗယသဘော။ ပျက်တာက အနိစ္စ။ ပျက်သော အခြင်းအရာက အနိစ္စလက္ခဏာ။ ဘေးထင်တာ က ဒုက္ခ။ ဘေးထင်သောအခြင်းအရာက ဒုက္ခလက္ခဏာ။ အစိုးမရတာက အနတ္တ။ အစိုးမရသော အခြင်းအရာက အနတ္တလက္ခဏာ။ ရှုမှတ်သောသူ၏ အာရုံမှာ အသစ် အသစ် ဖြစ်၍ အဟောင်း အဟောင်း ပျောက်သည်။ ဖြစ်ဖြစ် လာ၍ ပျက် ပျက်သွားသည်။ အစ အစ ပေါ်ပြီး အဆုံး အဆုံး ပျောက်ပျောက်သွားသည်ဟုထင်မြင်လာသည်ကို 'ဥဒယဗ္ဗ ယဉာဏ်' ထင်သည်ဟု ဆိုရာ၏။

ထိုင် ထိုင်တယ် မှတ်သဖြင့် အသစ် အသစ်ဖြစ်၍ အဟောင်း အဟောင်း ပျောက်သည်ဟု အာရုံမှာ ထင်ရာ၌၊ အသစ် အသစ် ဖြစ်တာက နိဗ္ဗတ္တိလက္ခဏာ အဖြစ်ထင်တာ။

အဟောင်း အဟောင်းပျောက်တာက ဝိပရိဏာမလက္ခဏာ အပျက်ထင်တာ။ အဖြစ်ထင်တာက ဥဒယသဘော။ အပျက်ထင်တာက ဝယသဘော။ အဖြစ်အပျက် ထင်တာက ဥဒယဗ္ဗယသဘော။ ပျက်တာက အနိစ္စ။ ပျက်သော အခြင်းအရာက အနိစ္စလက္ခဏာ။ ဘေးထင်တာက ဒုက္ခ၊ ဘေးထင်သောအရာက ဒုက္ခလက္ခဏာ။ အစိုးမရတာက အနတ္တ။ အစိုးမရသော အခြင်းအရာက အနတ္တလက္ခဏာ။ ရှုမှတ်သောသူ၏ အာရုံမှာ အသစ် အသစ်ဖြစ်၍ အဟောင်း အဟောင်း ပျောက်သည်။ ဖြစ်ဖြစ်လာ၍ ပျက်ပျက်သွားသည်။ အစ အစ ပေါ်ပြီး အဆုံး အဆုံး ပျောက်ပျောက်သွားသည်ဟု ထင်မြင်လာသည်ကို 'ဥဒယဗ္ဗယဉာဏ်' ထင်သည်ဟု ဆိုရာ၏။

အိပ် အိပ်တယ် မှတ်သဖြင့် အသစ် အသစ်ဖြစ်၍ အဟောင်း အဟောင်း ပျောက်သည်ဟု အာရုံမှာ ထင်ရာ၌ အသစ် အသစ် ဖြစ်တာက နိဗ္ဗတ္တိလက္ခဏာ အဖြစ်ထင်တာ အဟောင်း အဟောင်း ပျောက်တာက ဝိပရိဏာမလက္ခဏာ အပျက်ထင်တာ။ အဖြစ်ထင်တာက ဥဒယသဘော။ အပျက်ထင်တာက ဝယသဘော။ အဖြစ် အပျက် ထင်တာက ဥဒယဗ္ဗယ သဘော။ ပျက်တာက အနိစ္စ။ ပျက်သောအခြင်းအရာက အနိစ္စလက္ခဏာ။ ဘေးထင်တာက ဒုက္ခ။ ဘေးထင်သော အခြင်းအရာက ဒုက္ခလက္ခဏာ။ အစိုးမရတာက အနတ္တ။ အစိုးမရသော အခြင်းအရာက အနတ္တလက္ခဏာ။ ရှုမှတ်သောသူ၏ အာရုံမှာ အသစ် အသစ်ဖြစ်၍ အဟောင်း

အဟောင်း ပျောက်သည်။ ဖြစ်ဖြစ်လာ၍ ပျက်ပျက်သွား သည်။ အစ အစ ပေါ်ပြီး အဆုံး အဆုံး ပျောက်ပျောက် သွားသည်ဟု ထင်မြင်လာသည်ကို 'ဥဒယဗ္ဗယဉာဏ်'ထင် သည်ဟု ဆိုရာ၏။

မြင်ဆဲ ကြားဆဲ နံ့ဆဲ စားဆဲ ထိဆဲ သိဆဲ ခဏတို့ တွင် မှတ်ရာ၌လည်း အတူတူပင်ဖြစ်သည်။

ဤသို့ အသစ် အသစ်ဖြစ်၍ အဟောင်း အဟောင်း ပျောက်သည်ဟု မှတ်တိုင်း မှတ်တိုင်း အာရုံမှာ ထင်နေသော် ပစ္စုပ္ပန် ရုပ် နာမ်တို့၏ ဖြစ်ဆဲ ပျက်ဆဲကို သိ၍နေသည် ဟု ဆိုရာ၏။ ထိုဖြစ်ဆဲ ပျက်ဆဲ ရုပ် နာမ်တို့၏ ဖြစ်ပျက် ပုံကား စောင်းတီးသောအခါ ဖြစ်ပေါ်လာသော အသံကဲ့သို့ တည်း။

စောင်းတီးသောအခါ ဖြစ်ပေါ်ဆဲသော စောင်းသံ၏ မဖြစ်ခင် ရှေးက စောင်းသံ အစုအပုံလည်း မရှိ။ ယခုဖြစ်ဆဲ သော စောင်းသံသည်လည်း အစု အပုံမှ လာတာလည်း မဟုတ်။ ချုပ်ဆဲသော စောင်းသံသည်လည်း ထိုထို ဤဤ သို့ သွားတယ်လို့ မရှိ။ ချုပ်ပြီးသော စောင်းသံလဲ တစ်ခု ခုသော နေရာ၌ စုပုံနေတယ်ဟူ၍ မရှိသကဲ့သို့ ဤဖြစ်ဆဲ သော ရုပ် နာမ်၏ မဖြစ်ခင် ရှေးက နာမ်အစုအပုံ ရုပ်အစု အပုံလည်းမရှိ။ ယခုဖြစ်ဆဲသော နာမ် ရုပ်ကလဲ အစုအပုံမှ လာတာလည်း မဟုတ်။ ယခု ချုပ်ဆဲသော နာမ် ရုပ်လဲ ထိုထို ဤဤသို့ သွားတယ်လို့ မရှိ။ ချုပ်ပြီးသော နာမ် ရုပ်လဲ တစ်ခုခုသော နေရာ၌ စုပုံနေတယ် ဟူ၍လည်း

မရှိ။ စင်စစ်မှာကား စောင်း၊ စောင်းကြိုး၊ တီးခတ်သော ယောကျ်ား၏ လုံ့လ ၎င်း (၃) မျိုးကို စွဲ၍ စောင်းသံသည် ရှေးက မဖြစ်မူ၍ ယခု ဖြစ်ကုန်သကဲ့သို့ ယခု ဖြစ်ကုန်၍ ယခုပဲ ပျောက်ကုန်သကဲ့သို့ ထို့အတူ အားလုံးသော ရုပ်တရား နာမ်တရားတို့သည် ရှေးက မဖြစ်ကုန်မူ၍ ယခု ဖြစ်ကုန်၏။ ယခု ဖြစ်ကုန်၍ ယခု ပျက်ကုန်၏ဟု သိရာ၏။

ဤသို့ ရုပ်တရား နာမ်တရားတို့သည် ရှေးက မဖြစ်မူ၍ ယခု ဖြစ်ကုန်၏။ ယခု ဖြစ်ကုန်၍လည်း ယခုပျက်ကုန်၏ဟု အမြဲ အသစ် အသစ် ဖြစ်ကုန်၏ဟု ထင်ကုန်သည် မဟုတ်သေး။ နေထွက်သောအခါ ပျောက်သော နှင်းပေါက်၏ ဖြစ် ပျောက်သော အချိန်ကာလလောက် လည်းကောင်း။ ရေပွက်သောအခါ ဖြစ်သော ရေပွက်၏ ဖြစ် ပျောက်သော အချိန်ကာလလောက်လည်းကောင်း။ ရေ၌ တုတ်နှင့်ရေးသောအခါ ဖြစ်သော ရေအကြောင်း၏ ဖြစ်ပျောက်သော အချိန်ကာလလောက်လည်းကောင်း။ စူးဖျား၌ မုန်ညင်းစေ့တင် ကျသော အချိန်ကာလလောက်လည်းကောင်း။ လျှပ်စစ်ပျက်သောအခါ လျှပ်ပန်းနွယ်၏ ပေါ်ပျောက်သော အချိန်ကာလလောက်လည်းကောင်း။ တိုသော တည်မှု အချိန်ကာလစ ရှိသည်ဖြစ်၍ သင်္ခါရ ရုပ် နာမ်တို့၏ ဖြစ်သည် ပျက်သည်ကို ထင်ကြကုန်၏။ ဤသို့ တိုသော တည်မှု အချိန်ကာလစ၌ ထင်မြင်လာသော ရုပ်တရား နာမ်တရားတို့သည် မျက်လှည့်ထဲ၌ အနှစ်ရှာမရသလို။ တံလျှပ်ထဲ၌

အနှစ်ရှာမရသလို။ အိပ်မက်ထဲ၌ အနှစ်ရှာမရသလို။ မီးစ စက်ဝန်းထဲ၌ အနှစ်ရှာမရသလို။ ရေမြှုပ် ၄က်ပျောတုံး စသည်တို့အထဲ၌ အနှစ်ရှာမရသလို။ ဤ ဖြစ် ပျက်နေသော ရုပ် နာမ် သင်္ခါရ အစုတို့ထဲ၌လည်း အနှစ်မရှိကုန်။ အနှစ် ကင်းကုန်၏ ဟူ၍ သိ၏။

(ရုပ် နာမ်တို့အပေါ်၌ ဖြစ်ပျက်ကို သိသော ဉာဏ် သည် ဥဒယဗ္ဗယဉာဏ်တည်း။)

**ဘင်္ဂဉာဏ်**

သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်းဟု ဆိုအပ်သော ဣရိယာပုထ် (၄)ပါးတို့၌ မှတ်ခိုက် မှတ်ခိုက် ရှုမှတ်သော သူ၏ အာရုံမှာ အသစ် အသစ်ဖြစ်၍ အဟောင်း အဟောင်း ပျောက်သည်။ ဖြစ် ဖြစ်လာ၍။ ပျက် ပျက်သွားသည်။ အစ အစ ပေါ်ပြီး အဆုံး အဆုံး ချုပ်သည်ဟု ထင်ပါများ သော သူသည်–

(၁) သွား သွားတယ် မှတ်သဖြင့် သွားသောအမူအရာ၌။ ကုန်တယ် ပျက်တယ် ပြိုတယ် ချုပ်တယ် ဟူ၍သာ မြင်၏။

(၂) ရပ် ရပ်တယ် မှတ်သဖြင့် ရပ်သော အမူအရာ၌။ ကုန် တယ် ပျက်တယ် ပြိုတယ် ချုပ်တယ် ဟူ၍သာမြင်၏။

(၃) ထိုင် ထိုင်တယ် မှတ်သဖြင့် ထိုင်သော အမူအရာ၌။ ကုန်တယ် ပျက်တယ် ပြိုတယ် ချုပ်တယ် ဟူသာ၍ မြင်၏။

(၄) အိပ် အိပ်တယ် မှတ်သဖြင့် အိပ်သော အမူအရာ၌။ ကုန်တယ် ပျက်တယ် ပြိုတယ် ချုပ်တယ် ဟူ၍သာ မြင်၏။

ထိုလေးပါးတို့တွင် သွား သွားတယ်ဟု မှတ်သဖြင့် သွားသော အမူအရာ၌ ကုန်တယ် ပျက်တယ် ပြိုတယ် ချုပ်တယ် ကိုသာ မြင်ရာ၌။ ကုန်တာ ပျက်တာ ပြိုတာ ချုပ်တာက အနိစ္စ။ ကုန်တယ် ပျက်တယ် ပြိုတယ် ချုပ်တယ် ထင်တာက အနိစ္စထင်တာ။ အနိစ္စထင်တုံး နိစ္စပျောက်။ ဒုက္ခထင်တုံး သုခပျောက်။ အနတ္တ ထင်တုံး အတ္တပျောက်။ ငြီးငွေ့နေတုံး နန္ဒီပျောက်။ မ တပ်မက်တုံး ရာဂပျောက်။ ချုပ်တာမြင်တုံး ဖြစ်တာပျောက်။ ဤသို့ ရှုမှတ်ဆဲသော သူ၏ အာရုံမှာ ရေပွက်ကဲ့သို့လည်းကောင်း။ တံလျှပ်ကဲ့သို့ လည်းကောင်း။ ရေအစဉ် စီးကျသကဲ့သို့လည်းကောင်း။ မီးအလျှံ တက်ကြွသကဲ့သို့လည်းကောင်း။ ကုန်သည် ပျက်သည် ပြိုသည် ချုပ်သည်ဟု မပြတ် မြင်၍နေသည်ကို 'ဘင်္ဂဉာဏ်' ထင်သည်ဟု ဆိုရာ၏။

ရပ် ရပ်တယ် မှတ်သဖြင့် ရပ်သော အမူအရာ၌။ ကုန်တယ် ပျက်တယ် ပြိုတယ် ချုပ်တယ်ကိုသာ မြင်ရာ၌။ ကုန်တာ ပျက်တာ ပြိုတာ ချုပ်တာက အနိစ္စ။ ကုန်တယ် ပျက်တယ် ပြိုတယ် ချုပ်တယ် ထင်တာက အနိစ္စထင်တာ။ အနိစ္စထင်တုံး နိစ္စပျောက်။ ဒုက္ခထင်တုံး သုခပျောက်။ အနတ္တထင်တုံး အတ္တပျောက်။ ငြီးငွေ့နေတုံး နန္ဒီပျောက်။ မတပ်မက်တုံး ရာဂပျောက်။ ချုပ်တာမြင်တုံး ဖြစ်တာ

ပျောက်။ ဤသို့ ရှုမှတ်ဆဲသော သူ၏ အာရုံမှာ ရေပွက်ကဲ့သို့လည်းကောင်း၊ မိုးအလျှံတက်ကြွသကဲ့သို့လည်းကောင်း၊ ကုန်သည် ပျက်သည် ပြိုသည် ချုပ်သည်ဟု မပြတ် မြင်၍နေသည်ကို 'ဘင်္ဂဉာဏ်' ထင်သည်ဟု ဆိုရာ၏။

ထိုင် ထိုင်တယ် မှတ်သဖြင့် ထိုင်သော အမူအရာ၌ ကုန်တယ် ပျက်တယ် ပြိုတယ် ချုပ်တယ်ဟုသာ မြင်ရာ၌ ကုန်တာ ပျက်တာ ပြိုတာ ချုပ်တာက အနိစ္စ။ ကုန်တယ် ပျက်တယ် ပြိုတယ် ချုပ်တယ် ထင်တာက အနိစ္စထင်တာ။ အနိစ္စထင်တုံး နိစ္စပျောက်။ ဒုက္ခထင်တုံး သုခပျောက်။ အနတ္တထင်တုံး အတ္တပျောက်။ ငြီးငွေ့နေတုံး နန္ဒီပျောက်။ မတပ်မက်တုံး ရာဂပျောက်။ ချုပ်တာမြင်တုံး ဖြစ်တာပျောက်။ ဤသို့ ရှုမှတ်ဆဲသော သူ၏ အာရုံမှာ ရေပွက်ကဲ့သို့လည်းကောင်း၊မိုးအလျှံတက်ကြွသကဲ့သို့လည်းကောင်း။ ကုန်သည် ပျက်သည် ပြိုသည် ချုပ်သည်ဟု မပြတ်ထင်နေသည်ကို 'ဘင်္ဂဉာဏ်' ထင်သည်ဟု ဆိုရာ၏။

အိပ် အိပ်တယ် မှတ်သဖြင့် အိပ်သော အမူအရာ၌ ကုန်တယ် ပျက်တယ် ပြိုတယ် ချုပ်တယ်ဟုသာ မြင်ရာ၌ ကုန်တာ ပျက်တာပြိုတာ ချုပ်တာက အနိစ္စ။ ကုန်တယ် ပျက်တယ် ပြိုတယ် ချုပ်တယ်ထင်တာက အနိစ္စထင်တာ။ အနိစ္စထင်တုံး နိစ္စပျောက်။ ဒုက္ခထင်တုံး သုခပျောက်။ အနတ္တထင်တုံး အတ္တပျောက်။ ငြီးငွေ့နေတုံး နန္ဒီပျောက်။ မတပ်မက်တုံး ရာဂပျောက်။ ချုပ်တာမြင်တုံး ဖြစ်တာပျောက်။ ဤသို့ ရှုမှတ်ဆဲသော သူ၏အာရုံမှာ ရေပွက်ကဲ့သို့လည်းကောင်း၊

မီးအလျှံတက်ကြွသကဲ့သို့လည်းကောင်း။ ကုန်သည် ပျက်သည် ပြိုသည် ချုပ်သည်ဟု မပြတ်ထင်နေသည်ကို 'ဘင်္ဂဉာဏ်' ထင်သည်ဟု ဆိုရာ၏။ ထို့ကြောင့် မြင်သောခဏ ကြားသောခဏ နံသောခဏ စားသောခဏ ထိသောခဏ သိသောခဏတို့၌လည်း အတူတူပင် ထင်မြင်ကြကုန်၏။

ဤသို့ ရှုမှတ်သောသူ၏ အာရုံမှာ ရေပွက်ကဲ့သို့လည်းကောင်း။ တံလျှပ်ကဲ့သို့လည်းကောင်း။ ရေအစဉ်စီးကျသကဲ့သို့လည်းကောင်း။ မီးအလျှံတက်ကြွသကဲ့သို့လည်းကောင်း။ ကုန်သည် ပျက်သည် ပြိုသည် ချုပ်သည်ဟု မပြတ်မြင်၍နေခြင်းသည် ခန္ဓာငါးပါးတို့၏ အပျက် အပြို အကုန် အချုပ်တို့ပင်တည်း။ ခန္ဓာငါးပါးပျက်ခြင်းမှ တစ်ပါးသောတရား ရှိလည်းမရှိ။ ခန္ဓာတို့၏ ပျက်ခြင်းကို သေသည်ဟုဆို၏။ ရွှဲကို စိန်သွားဖြင့်ဖောက်သောအခါ အသင့်အားဖြင့်ရှုမြင်သကဲ့သို့။ မမေ့မလျော့သော သတိနှင့် ပြည့်စုံသောသူသည် ထိုခန္ဓာငါးပါး ရုပ် နာမ်တရားတို့၏ အပျက်ကို မြင်ကြရာ၏။

ဤသို့ အလုံးစုံသော ရုပ် နာမ် ခန္ဓာ သင်္ခါရတို့သည် ပျက်စီးကုန်၏။ ပျက်စီးကုန်၏ဟု မပြတ် မြင်သောသူအား

(၁) ဘ၀၌ အယူမှားကို ပယ်ခြင်း၊

(၂) အသက်၌ တပ်မက်သောတဏှာကို စွန့်ခြင်း၊

(၃) အခါခပ်သိမ်း ဝိပဿနာကို အားထုတ်ခြင်း၊

(၄) အသက်မွေးခြင်း၌ စင်ကြယ်ခြင်း၊

(၅) စိုးရိမ်ကြောင့်ကြ ပျောက်ခြင်း၊

(၆) အကြောက်ကင်းခြင်း၊
(၇) သည်းခံနိုင်သော စိတ်နှလုံးကိုရခြင်း၊
(၈) မွေ့လျော်ခြင်း မမွေ့လျော်ခြင်း၌ သည်းခံနိုင်ခြင်း၊

ဟု ဆိုအပ်သော ဤအကျိုး (၈) ပါးနှင့် ပြည့်စုံသော ဘင်္ဂါနုပဿနာဉာဏ်ကို ရ၏။

(ရုပ် နာမ်တို့အပေါ်၌ အပျက်ကိုမြင်သော ဉာဏ်သည် ဘင်္ဂဉာဏ်တည်း။)

## ဘယ အာဒီနဝ နိဗ္ဗိဒါဉာဏ်

သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်းဟု ဆိုအပ်သော ဣရိယာပုထ် (၄)ပါးတို့၌ ရှုမှတ်သောသူ၏ အာရုံမှာ ရေပွက်ကဲ့သို့လည်းကောင်း။ တံလျှပ်ကဲ့သို့လည်းကောင်း။ မီးလျှံတက်ကြွသကဲ့သို့လည်းကောင်း။ ကုန်သည် ပျက်သည် ပြိုသည် ချုပ်သည်ဟု ထင်ပါများသော်

(၁) သွား သွားတယ် မှတ်သော အမူအရာ၌ ကုန်တာမြင်သဖြင့် ဘေးထင်၏။ ဘေးထင်သောကြောင့် 'ဘယဉာဏ်'။ ကုန်တာမြင်သဖြင့်အပြစ်ထင်၏။ အပြစ်ထင်သောကြောင့် 'အာဒီနဝဉာဏ်'။ ကုန်တာ မြင်သဖြင့် ငြီးငွေ့၏။ ငြီးငွေ့သောကြောင့်'နိဗ္ဗိဒါဉာဏ်'ဟု ဆိုရာ၏။

(၂) ရပ် ရပ်တယ် မှတ်သော အမူအရာ၌ ကုန်တာမြင်သဖြင့် ဘေးထင်၏။ ဘေးထင်သောကြောင့် 'ဘယဉာဏ်'။ ကုန်တာမြင်သဖြင့် အပြစ်ထင်၏။ အပြစ်

ထင်သောကြောင့် 'အာဒီနဝဉာဏ်'။ ကုန်တာ မြင်သဖြင့် ငြီးငွေ့၏။ ငြီးငွေ့သောကြောင့် 'နိဗ္ဗိဒါဉာဏ်' ဟု ဆိုရာ၏။

(၃) ထိုင် ထိုင်တယ် မှတ်သော အမူအရာ၌ ကုန်တာမြင်သဖြင့် ဘေးထင်၏။ ဘေးထင်သောကြောင့် 'ဘယဉာဏ်'။ ကုန်တာမြင်သဖြင့် အပြစ်ထင်၏။အပြစ်ထင်သောကြောင့် 'အာဒီနဝဉာဏ်'။ ကုန်တာမြင်သဖြင့် ငြီးငွေ့၏။ ငြီးငွေ့သောကြောင့် 'နိဗ္ဗိဒါဉာဏ်'ဟု ဆိုရာ၏။

(၄) အိပ် အိပ်တယ် မှတ်သောအမူအရာ၌ ကုန်တာမြင်သဖြင့် ဘေးထင်၏။ ဘေးထင်သောကြောင့် 'ဘယဉာဏ်'။ ကုန်တာမြင်သဖြင့် အပြစ်ထင်၏။ အပြစ်ထင်သောကြောင့် 'အာဒီနဝဉာဏ်'။ ကုန်တာ မြင်သဖြင့် ငြီးငွေ့၏။ ငြီးငွေ့သောကြောင့် 'နိဗ္ဗိဒါဉာဏ်' ဟု ဆိုရာ၏။

ထိုလေးပါးတို့တွင် သွားသောခဏ။ သွား သွားတယ် မှတ်သဖြင့် ဘေးထင်ရာ၌ ကုန်ခြင်း အစဉ်က ဒုက္ခထင်တာ။ ဒုက္ခထင်သဖြင့် ပဝတ္တဘေး။ ကုန်ခြင်းအဆုံးက အနိစ္စထင်တာ။ အနိစ္စထင်သဖြင့် နိမိတ္တဘေး။ အစဉ် အဆုံးထင်တာက အနတ္တထင်တာ။ အနတ္တထင်သဖြင့် နှစ်ပါးစုံဘေး။ ဘေးထင်၍သာ အပြစ်မြင်တာ။ အပြစ်မြင်တာက 'အာဒီနဝဉာဏ်'။ အပြစ်မြင်၍သာ ငြီးငွေ့တာ။ ငြီးငွေ့တာက 'နိဗ္ဗိဒါဉာဏ်'။

ရပ်သောခဏ။ ရပ် ရပ်တယ် မှတ်သဖြင့် ဘေးထင်ရာ၌ ကုန်ခြင်း အစဉ်က ဒုက္ခထင်တာ။ ဒုက္ခထင်သဖြင့် ပဝတ္တဘေး။ ကုန်ခြင်းအဆုံးက အနိစ္စ ထင်တာ။ အနိစ္စ ထင်သဖြင့် နိမိတ္တဘေး။ အစဉ် အဆုံးထင်တာက အနတ္တ ထင်တာ။ အနတ္တထင်သဖြင့် နှစ်ပါးစုံဘေး။ ဘေးထင်၍သာ အပြစ်မြင်တာ။ အပြစ်မြင်တာက 'အာဒီနဝဉာဏ်'။ အပြစ်မြင်၍သာ ငြီးငွေ့တာ။ ငြီးငွေ့တာက 'နိဗ္ဗိဒါဉာဏ်'။

ထိုင်သောခဏ။ ထိုင် ထိုင်တယ် မှတ်သဖြင့် ဘေးထင်ရာ၌ ကုန်ခြင်း အစဉ်က ဒုက္ခထင်တာ။ ဒုက္ခထင်သဖြင့် ပဝတ္တဘေး။ ကုန်ခြင်းအဆုံးက အနိစ္စ ထင်တာ။ အနိစ္စ ထင်သဖြင့် နိမိတ္တဘေး။ အစဉ် အဆုံးထင်တာက အနတ္တ ထင်တာ။ အနတ္တထင်သဖြင့် နှစ်ပါးစုံဘေး။ ဘေးထင်၍သာ အပြစ်မြင်တာ။ အပြစ်မြင်တာက 'အာဒီနဝဉာဏ်'။ အပြစ်မြင်၍သာ ငြီးငွေ့တာ။ ငြီးငွေ့တာက 'နိဗ္ဗိဒါဉာဏ်'။

အိပ်သောခဏ။ အိပ် အိပ်တယ် မှတ်သဖြင့် ဘေးထင်ရာ၌ ကုန်ခြင်း အစဉ်က ဒုက္ခထင်တာ။ ဒုက္ခထင်သဖြင့် ပဝတ္တဘေး။ ကုန်ခြင်းအဆုံးက အနိစ္စ ထင်တာ။ အနိစ္စ ထင်သဖြင့် နိမိတ္တဘေး။ အစဉ် အဆုံးထင်တာက အနတ္တ ထင်တာ။ အနတ္တထင်သဖြင့် နှစ်ပါးစုံဘေး။ ဘေးထင်၍သာ အပြစ်မြင်တာ။ အပြစ်မြင်တာက 'အာဒီနဝဉာဏ်'။ အပြစ်မြင်၍သာ ငြီးငွေ့တာ။ ငြီးငွေ့တာက 'နိဗ္ဗိဒါဉာဏ်'။ ဤသို့ 'ဘယဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ်'။ ဤ ဉာဏ်

(၃)ဉာဏ်တို့သည် အမည်အားဖြင့်ကွဲသော်လည်း သဘော တစ်ခုတည်းသာ ဖြစ်ကြကုန်၏။

(ရုပ် နာမ်တို့အပေါ်၌ ကြောက်စရာဘေးဟု မြင်သော ဉာဏ်သည်ဘယဉာဏ်တည်း။ ရုပ်နာမ်တို့အပေါ်၌အပြစ်မြင် သော ဉာဏ်သည် အာဒီနဝဉာဏ်တည်း။ ရုပ်နာမ်တို့အပေါ် ၌ ငြီးငွေ့ဘွယ်ရာ မြင်သောဉာဏ်သည် နိဗ္ဗိဒါဉာဏ်တည်း။)

## မုဉ္စိတုကမျတာ ပဋိသင်္ခါ သင်္ခါရုပေက္ခာဉာဏ်

သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်းဟု ဆိုအပ်သော ဣရိယာပုထ် (၄)ပါးတို့၌ ရှုမှတ်ဆဲသောသူ၏ အာရုံမှာ ရေပွက်ကဲ့သို့လည်းကောင်း။ တံလျှပ်ကဲ့သို့လည်းကောင်း။ ရေအစဉ်စီးကျသကဲ့သို့လည်းကောင်း။ မီးလျှံ တက်ကြ သကဲ့သို့ လည်းကောင်း။ ကုန်သည် ပျက်သည် ပြိုသည် ချုပ်သည်ဟု ထင်ပါများသဖြင့် ဘေးထင် အပြစ်မြင် ငြီးငွေ့ ပါများသော်

(၁) သွားသောခဏ။ သွား သွားတယ်မှတ်သဖြင့် လွတ်လို။ လွတ်လိုသောကြောင့် 'မုဉ္စိတုကမျတာဉာဏ်'။ လွတ်လိုသဖြင့် မလွတ် လွတ်အောင် ဆင်ခြင်။ မလွတ် လွတ်အောင် ဆင်ခြင်သောကြောင့် 'ပဋိသင်္ခါ ဉာဏ်'။ မလွတ်သဖြင့် အညီအညွတ်ရှု။ အညီအညွတ် ရှုသောကြောင့် 'သင်္ခါရုပေက္ခာဉာဏ်' ဟု ဆိုရာ၏။

(၂) ရပ်သောခဏ။ ရပ် ရပ်တယ် မှတ်သဖြင့် လွတ်လို။ လွတ်လိုသောကြောင့် 'မုဉ္စိတုကမျတာဉာဏ်'။ လွတ်

လိုသဖြင့် မလွတ် လွတ်အောင် ဆင်ခြင်။ မလွတ် လွတ်အောင် ဆင်ခြင်သောကြောင့် 'ပဋိသင်္ခါဉာဏ်'။ မလွတ်သဖြင့် အညီအညွတ်ရှု။ အညီအညွတ်ရှုသောကြောင့် 'သင်္ခါရုပေက္ခာဉာဏ်' ဟု ဆိုရာ၏။

(၃) ထိုင်သောခဏ။ ထိုင် ထိုင်တယ် မှတ်သဖြင့် လွတ်လို။ လွတ်လိုသောကြောင့် 'မုဉ္စိတုကမျတာဉာဏ်'။ လွတ်လိုသဖြင့် မလွတ် လွတ်အောင် ဆင်ခြင်။ မလွတ် လွတ်အောင် ဆင်ခြင်သောကြောင့် 'ပဋိသင်္ခါဉာဏ်'။ မလွတ်သဖြင့် အညီအညွတ်ရှု။ အညီအညွတ်ရှုသောကြောင့် 'သင်္ခါရုပေက္ခာဉာဏ်' ဟု ဆိုရာ၏။

(၄) အိပ်သောခဏ။ အိပ် အိပ်တယ် မှတ်သဖြင့် လွတ်လို။ လွတ်လိုသောကြောင့် 'မုဉ္စိတုကမျတာဉာဏ်'။ လွတ်လိုသဖြင့် မလွတ် လွတ်အောင် ဆင်ခြင်။ မလွတ် လွတ်အောင် ဆင်ခြင်သောကြောင့် 'ပဋိသင်္ခါဉာဏ်'။ မလွတ်သဖြင့် အညီအညွတ်ရှု။ အညီအညွတ်ရှုသောကြောင့် 'သင်္ခါရုပေက္ခာဉာဏ်' ဟု ဆိုရာ၏။

မြင်သောခဏ။ ကြားသောခဏ။ စားသောခဏ။ ထိသောခဏ။ သိသောခဏ တို့၌လည်း အတူတူပင် ဖြစ်၏။

ဤသို့ မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ်။ ဤဉာဏ်(၃) ပါးတို့သည် အမည်အားဖြင့် ကွဲသော်လည်း သဘော တစ်ခုတည်းသာ ဖြစ်ကြကုန်၏။

(ရုပ် နာမ်တို့၏ လွတ်မြောက်လိုသောဉာဏ်သည် မုဥ္စိတုကမျတာဉာဏ်တည်း။ ရုပ်နာမ်တို့အပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ထပ်မံရှုသောဉာဏ်သည် ပဋိသင်္ခါဉာဏ်တည်း။ ရုပ် နာမ်တို့အပေါ်၌ လျစ်လျူရှုသောဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်တည်း။)

## အနုလောမဉာဏ် ဂေါတြဘူဉာဏ်နှင့် မဂ်ဉာဏ်

သွား သွားတယ် မှတ်သဖြင့်။ သွားကုန်တယ်ဟု ထင်ရာ၌ သွားက 'ရုပ်'။ သွားတယ်က နာမ်။ ဤရုပ်နာမ်က သွားတာ။ သွား သွားတယ် မှတ်တာက ဝိပဿနာဉာဏ်။ သွားကုန်တာက အနိစ္စ။ ကုန်တယ် ထင်တာက အနိစ္စ ထင်တာ။ အနိစ္စထင် နိစ္စကို မြင်မှ မဂ်ဝင်၏။

ဤကား အနိစ္စနှင့်ဝင်သော မဂ်တည်း။

ရုပ်ဆဲ ထိုင်ဆဲ အိပ်ဆဲ မြင်ဆဲ ကြားဆဲ နံ့ဆဲ စားဆဲ ထိဆဲ သိဆဲတို့၌လည်း အတူတူပင်ဖြစ်၏။

သွား သွားတယ် မှတ်သဖြင့် သွား ဘေးဟု ထင်ရာ၌။ သွားက ရုပ်။ သွားတယ်က နာမ်။ ဤ ရုပ် နာမ်က သွားတာ။ သွား သွားတယ် မှတ်တာက ဝိပဿနာဉာဏ်။ သွား ဘေးက ဒုက္ခ။ ဘေးထင်တာက ဒုက္ခထင်တာ။ ဒုက္ခထင် သုခကိုမြင်မှ မဂ်ဝင်၏။

ဤကား ဒုက္ခနှင့်ဝင်သော အပ္ပဏိဟိတမဂ်တည်း။

ရုပ်ဆဲ ထိုင်ဆဲ အိပ်ဆဲ မြင်ဆဲ ကြားဆဲ နံ့ဆဲ စားဆဲ ထိဆဲ သိဆဲတို့၌လည်း အတူတူပင်ဖြစ်၏။

သွား သွားတယ် မှတ်သဖြင့် သွား ဆိတ်သည်ဟု ထင်ရာ၌ သွားက ရုပ်။ သွားတယ်က နာမ်။ ဤ ရုပ်နာမ် က သွားတာ။ သွား သွားတယ် မှတ်တာက ဝိပဿနာဉာဏ်။ သွား ဆိတ်တာက အနတ္တ။ ဆိတ်တယ် ထင်တာက အနတ္တ ထင်တာ။ အနတ္တထင် ပရမတ္ထကိုမြင်မှ မဂ်ဝင်၏။

ဤကား အနတ္တနှင့်ဝင်သော သုညတမဂ်တည်း။

ရုပ်ဆဲ ထိုင်ဆဲ အိပ်ဆဲ မြင်ဆဲ ကြားဆဲ နံဆဲ စားဆဲ ထိဆဲ သိဆဲတို့၌လည်း အတူတူပင် ဖြစ်၏။

'အနိစ္စထင် နိစ္စကိုမြင်မှ မဂ်ဝင်တာ' ဆိုသည့် အဓိပ္ပာယ်မှာ အမှတ်ပြုသည့် ရုပ် နာမ် အာရုံ ဖြစ်ပျက်၍ ကုန်တာကို ကုန်တယ်လို့ ထင်မှသာ မုချ သိမြင်၊ ဝိပဿနာဉာဏ်က အနိစ္စထင်တယ်ဟု ဆိုရာ၏။ အနိစ္စထင်သည့် ဝိပဿနာဉာဏ်က မုချသိမြင် ကုန်တယ်လို့ ထင်မှသာ ဖြစ် ပျက်၍ ကုန်၊ အမှတ်ပြုတဲ့ ရုပ် နာမ် အာရုံမှာ ကံ ကိလေသာ အသစ် အဟောင်း အကြောင်းလဲ မဖြစ်။ ဘဝတစ်ဖန် အသစ် ကံ ကိလေသာ၏ အကျိုးလဲ မဖြစ်။ မဖြစ်လျှင်လဲ မပျက်။ မဖြစ်မပျက် ကေန် ဘဝတစ်ဖန် ခန္ဓာ နာမ် ရုပ် ချုပ်တဲ့ နိဗ္ဗာန်၊ ထိုမဂ်ဉာဏ်က အမှန်မြင်မှသာ မဂ်ဝင်တာဟု ဆိုရာ၏။

'ဒုက္ခထင် သုခကိုမြင်မှ မဂ်ဝင်တာ' ဆိုသည့် အဓိပ္ပာယ်မှာ အမှတ်ပြုသည့် ရုပ် နာမ် အာရုံ ဖြစ်ပျက်တဲ့ဘေးကို ဘေးလို့ ထင်မှသာ မုချသိမြင်၊ ဝိပဿနာဉာဏ်က ဒုက္ခ ထင်တယ်လို့ ဆိုရာ၏။ ဒုက္ခထင်တဲ့ ဝိပဿနာဉာဏ်က

မုချသိမြင် ဘေးလို့ထင်မှသာ ဖြစ်ပျက်တဲ့ ဘေးဟု အမှတ်ပြုတဲ့ ရုပ် နာမ် အာရုံမှာ ကံ ကိလေသာ၏ အသစ် အဟောင်း အကြောင်းလဲ မဖြစ်။ ဘဝတစ်ဖန် အသစ်ကံ ကိလေသာ၏ အကျိုးလဲ မဖြစ်။ မဖြစ်လျှင်လဲ မပျက်။ မဖြစ်မပျက် ကေန် ဘဝတစ်ဖန် ခန္ဓာ နာမ် ရုပ် ချုပ်တဲ့ သုခနိဗ္ဗာန်ကို အမှန်မြင်မှသာ မဂ်ဝင်တာဟု ဆိုရာ၏။

'အနတ္တထင် ပရမတ္ထကိုမြင်မှ မဂ်ဝင်တာ'ဆိုသည့် အဓိပ္ပာယ်မှာ အမှတ်ပြုတဲ့ ရုပ် နာမ်အာရုံ ဖြစ်ပျက်၍ ဆိတ်တာကို ဆိတ်တယ်လို့ ထင်မှသာ မုချသိမြင်၊ ဝိပဿနာဉာဏ်က အနတ္တ ထင်တယ်လို့ ဆိုရာ၏။ အနတ္တထင်တဲ့ ဝိပဿနာဉာဏ်က မုချသိမြင် ဆိတ်တယ်လို့ ထင်မှသာ ဖြစ် ပျက်၍ ဆိတ်၏ဟု အမှတ်ပြုတဲ့ ရုပ် နာမ် အာရုံမှာ ကံ ကိလေသာ၏ အသစ် အဟောင်း အကြောင်းလဲမဖြစ်။ ဘဝတစ်ဖန် အသစ် ကံ ကိလေသာ၏ အကျိုးလဲ မဖြစ်။ မဖြစ်လျှင်လဲ မပျက်။ မဖြစ် မပျက် ကေန် ဘဝတစ်ဖန် ခန္ဓာ နာမ် ရုပ် ချုပ်တဲ့ ပရမတ္ထ နိဗ္ဗာန်ကို မဂ်ဉာဏ်က အမှန် မြင်မှသာ မဂ်ဝင်တာဟု ဆိုရာ၏။

'နိဗ္ဗာန်ကို မဂ်ဉာဏ်က အမှန်မြင်' ဆိုသည့် အဓိပ္ပာယ်မှာ မဂ်ကိစ္စ (၄) ချက် တစ်ပြိုင်နက်ပြီးသည်ဟု ဆိုရာ၏။ 'မဂ်ကိစ္စ (၄) ချက် တစ်ပြိုင်နက်ပြီး' ဆိုတာက ဒုက္ခသစ္စာကိုလဲ ပိုင်းခြား၏။ သမုဒယသစ္စာကိုလဲ ပယ်၏။ နိရောဓသစ္စာကိုလဲ မျက်မှောက်ပြု၏။ မဂ္ဂသစ္စာကိုလဲ ပွား၏ဟု ဆိုရပေ၏။

'ဒုက္ခသစ္စာကို ပိုင်းခြင်း' ဆိုသည့် အဓိပ္ပာယ်မှာ မဂ်ဖြင့် အသစ် အဟောင်း အကြောင်းမဖြစ်။ ပျောက် ပျက်သော ကံ ကိလေသာနှင့် ရောနှောခွင့်မရ။ မဂ်ဖြင့် ခြားနားသော လောကီခန္ဓာ နာမ် ရုပ်ကို မဂ်က ဒုက္ခသစ္စာကို ပိုင်းခြားသည်ဟု ဆိုရာ၏။

'သမုဒယသစ္စာကိုပယ်' ဆိုသည့် အဓိပ္ပာယ်မှာ ရောနှောခွင့်မရ။ မဂ်ဖြင့် ခြားနားသော လောကီခန္ဓာ နာမ်ရုပ်၌ မဂ်ဖြင့် အသစ် အဟောင်း အကြောင်း မဖြစ်။ ပျောက်ပျက်သော ကံ ကိလေသာနှင့် ရောနှောခွင့်မရ။ မဂ်ဖြင့် ခြားနားသော လောကီခန္ဓာ နာမ်ရုပ်၌ မဂ်ဖြင့် ဘဝတစ်ဖန် အသစ် ကံ ကိလေသာ၏ အကျိုးမဖြစ်ဟု ရှုမြင်သည်ကို မဂ်က နိရောဓသစ္စာ မျက်မှောက်ပြုသည်ဟု ဆိုရာ၏။

'မဂ္ဂသစ္စာကို ပွား' ဆိုသည့် အဓိပ္ပာယ်မှာ ဘဝတစ်ဖန် အသစ် ကံ ကိလေသာ၏ အကျိုးမဖြစ်ဟု ရှုသော မဂ်ပညာက ဝိပဿနာ။ မဂ်သမာဓိက သမထ။ ဤသမထ ဝိပဿနာအစုံက လောကီခန္ဓာ နာမ် ရုပ်၌ အနုသယ ပရိယုဋ္ဌာန် ကိလေသာမှ လွတ်သော ကိစ္စတူကြသည်ကို မဂ်က မဂ္ဂသစ္စာ ပွားသည်ဟု ဆိုရာ၏။

ဤသို့ မဂ်ကိစ္စ (၄ ချက် တစ်ပြိုင်နက် ပြီးစီးသည်ကို နိဗ္ဗာန်ကို မဂ်ဉာဏ်က အမှန်မြင်သည်ဟု ဆိုရာ၏။)

ဤကား ဉာဏ်ကို ပြခြင်းတည်း။

ဤသို့ သစ္စာ (၄)ပါး တရား၏ အစွမ်းအားဖြင့် ဝိပဿနာဉာဏ်မှ မဂ်ဉာဏ်တိုင်အောင် အဆင့်ဆင့်တက်၍

နိဗ္ဗာန်သို့ရောက်အောင် ထွက်မြောက်ကြောင်း ဖြစ်သော ကြောင့် လေးပါးသော ဣရိယာပုထ်ကို သိမ်းဆည်းသော နည်းသည် အရဟတ္တဖိုလ်တိုင်အောင် ရောက်သောအကျင့်ဟု သေချာတပ်အပ် မှတ်ကြရာ၏။

(ရှေးဝိပဿနာများနှင့် နောက် ဗောဓိပက္ခိယတရား များ အားလျော်သော ဉာဏ်သည် အနုလောမဉာဏ်တည်း။)

## သောတာပတ္တိမဂ်ဉာဏ်

သောတာပတ္တိ မဂ်ခဏ၌ မြင်သောအနက်ကြောင့် အယူမှန်သော သမ္မာဒိဋ္ဌိသည် အယူမှားသော မိစ္ဆာဒိဋ္ဌိမှ ထ၏။ ထိုမိစ္ဆာဒိဋ္ဌိသို့ အစဉ်လိုက်၍ဖြစ်ကုန်သော ကိလေသာ တို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သင်္ခါရခယ နိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း ထ၏။ ထို့ကြောင့် စိတ်၏ အတွင်းကိလေသာ၊ စိတ်မှအပ သင်္ခါရခယ နိမိတ် အာရုံ ဗဟိဒ္ဓ၊ ဤ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှ ထ၍ နောက် တစ်ဖန် အောက်ပြန်မလည်သော ပညာကို မဂ်ဉာဏ် ဟူ၍ ဆိုအပ်၏။

ရှေးရှုထင်သော အနက်ကြောင့် အမှန်ကြံသော သမ္မာ သင်္ကပ္ပသည် အကြံမှားသောမိစ္ဆာသင်္ကပ္ပမှ ထ၏။ ထိုမိစ္ဆာ သင်္ကပ္ပသို့အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သင်္ခါရခယနိမိတ် ဗဟိဒ္ဓ အာရုံ အလုံးစုံတို့မှလည်း ထ၏။ ထို့ကြောင့် စိတ်၏အတွင်း ကိလေသာအဇ္ဈတ္တ၊ စိတ်မှအပ သင်္ခါရခယနိမိတ်အာရုံဗဟိဒ္ဓ၊

ဤအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှထ၍ နောက်တစ်ဖန် အောက်ပြန်မလည်သော ပညာကို မဂ်ဉာဏ်ဟူ၍ ဆိုအပ်၏။

နှုတ်၏ သိမ်းဆည်းသော အနက်ကြောင့် အမှန်ဆိုသော သမ္မာဝါစာသည် ဆိုးမှားသော မိစ္ဆာဝါစာမှ ထ၏။ ထိုမိစ္ဆာဝါစာသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သင်္ခါရခယနိမိတ် အာရုံ အလုံးစုံတို့မှလည်း ထ၏။ ထို့ကြောင့် စိတ်၏ အတွင်း ကိလေသာ အဇ္ဈတ္တ၊ စိတ်မှအပ သင်္ခါရခယနိမိတ် အာရုံ ဗဟိဒ္ဓ၊ ဤအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှထ၍ နောက်တစ်ဖန် အောက်ပြန်မလည်သော ပညာကို မဂ်ဉာဏ်ဟူ၍ ဆိုအပ်၏။

ကိုယ်၏ စောင့်သုံးသော အနက်ကြောင့် အပြုမှန်သော သမ္မာကမ္မန္တသည် ပြုမှားသော မိစ္ဆာကမ္မန္တမှ ထ၏။ ထိုမိစ္ဆာကမ္မန္တသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သင်္ခါရခယနိမိတ် အာရုံ အလုံးစုံတို့မှလည်း ထ၏။ ထို့ကြောင့် စိတ်၏ အတွင်း ကိလေသာ အဇ္ဈတ္တ၊ စိတ်မှအပ သင်္ခါရခယနိမိတ် အာရုံ ဗဟိဒ္ဓ၊ ဤအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါး စုံမှထ၍ နောက်တစ်ဖန် အောက်ပြန်မလည်သော ပညာကို မဂ်ဉာဏ်ဟူ၍ ဆိုအပ်၏။

ကိုယ် နှုတ်၏ ဖြူစင်သော အနက်ကြောင့် အသက်မွေးမှန်သော သမ္မာအာဇီဝသည် အသက်မွေးမှားသော မိစ္ဆာအာဇီဝမှ ထ၏။ ထိုမိစ္ဆာအာဇီဝသို့ အစဉ်လိုက်၍ ဖြစ်ကုန်

သော ကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သင်္ခါရခယနိမိတ် အာရုံ အလုံးစုံတို့မှလည်း ထ၏။ ထို့ကြောင့် စိတ်၏ အတွင်းကိလေသာ အဇ္ဈတ္တ၊ စိတ်မှအပ သင်္ခါရခယနိမိတ် အာရုံ ဗဟိဒ္ဓ၊ ဤအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှထ၍ နောက်တစ်ဖန် အောက်ပြန်မလည်သော ပညာကို မဂ်ဉာဏ်ဟူ၍ ဆိုအပ်၏။

ချီးမြှောက်သောအနက်ကြောင့် အားထုတ်မှန်သော သမ္မာဝါယာမသည် အားထုတ်မှားသော မိစ္ဆာဝါယာမမှ ထ၏။ ထိုမိစ္ဆာဝါယာမသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သင်္ခါရခယနိမိတ် အာရုံ အလုံးစုံတို့မှလည်း ထ၏။ ထို့ကြောင့် စိတ်၏ အတွင်းကိလေသာ အဇ္ဈတ္တ၊ စိတ်မှအပ သင်္ခါရခယနိမိတ် အာရုံ ဗဟိဒ္ဓ၊ ဤအဇ္ဈတ္တ ဗဟိဒ္ဓနှစ်ပါးစုံမှ ထ၍ နောက်တစ်ဖန် အောက်ပြန်မလည်သော ပညာကို မဂ်ဉာဏ်ဟူ၍ ဆိုအပ်၏။

ထင်သောအနက်ကြောင့် အမှတ်မှန်သော သမ္မာသတိသည် အမှတ်မှားသော မိစ္ဆာသတိမှ ထ၏။ ထိုမိစ္ဆာ သတိသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သင်္ခါရခယနိမိတ် အာရုံ အလုံးစုံတို့မှလည်း ထ၏။ ထို့ကြောင့် စိတ်၏ အတွင်းကိလေသာ အဇ္ဈတ္တ၊ စိတ်မှအပ သင်္ခါရခယနိမိတ် အာရုံ ဗဟိဒ္ဓ၊ ဤအဇ္ဈတ္တ ဗဟိဒ္ဓနှစ်ပါးစုံမှ ထ၍ နောက်တစ်ဖန် အောက်ပြန်မလည်သော ပညာကို မဂ်ဉာဏ်ဟူ၍ ဆိုအပ်၏။

မပျံ့လွင့်သော အနက်ကြောင့် အမှန်တည်သော သမ္မာသမာဓိသည် တည်မှားသော မိစ္ဆာသမာဓိမှ ထ၏။ ထိုမိစ္ဆာသမာဓိသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သင်္ခါရခယနိမိတ် အာရုံ အလုံးစုံတို့မှလည်း ထ၏။ ထို့ကြောင့် စိတ်၏အတွင်းကိလေသာ အဇ္ဈတ္တ၊ စိတ်မှအပ သင်္ခါရခယနိမိတ် အာရုံ ဗဟိဒ္ဓ၊ ဤအဇ္ဈတ္တ ဗဟိဒ္ဓနှစ်ပါး စုံမှထ၍ နောက်တစ်ဖန် အောက်ပြန်မလည်သော ပညာကို မဂ်ဉာဏ်ဟူ၍ ဆိုအပ်၏။

## သကဒါမိ မဂ်ဉာဏ်

သကဒါဂါမိမဂ် ခဏ၌ မြင်သောအနက်ကြောင့် အယူမှန်သော သမာဒိဋ္ဌိသည် မပျံ့လွင့်သောအနက်ကြောင့် အမှန်တည်သော သမ္မာသမာဓိသည် ရုန့်ရင်းသော ကာမ ရာဂ၊ ကာမရာဂသံယောဇဉ်မှ ထ၏။ ပဋိဃ သံယောဇဉ်မှ ထ၏။ ရုန့်ရင်းသော ကာမရာဂအနုသယမှ ထ၏။ ပဋိဃအနုသယမှထ၏။ ထိုသြဠာရိက ကာမရာဂ ပဋိဃ သံယောဇဉ် အနုသယသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။

သင်္ခါရခယနိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း ထ၏။ ထို့ကြောင့် စိတ်၏ အတွင်းကိလေသာ အဇ္ဈတ္တ၊ စိတ်မှအပ သင်္ခါရခယ နိမိတ် အာရုံ ဗဟိဒ္ဓ ဤအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှ ထ၍ နောက်တစ်ဖန် အောက်ပြန်မလည်သော ပညာကို မဂ်ဉာဏ်ဟူ၍ ဆိုအပ်၏။

## အနာဂါမိ မဂ်ဉာဏ်

အနာဂါမိမဂ်ခဏ၌ မြင်သောအနက်ကြောင့် အမှန်ယူသော သမ္မာဒိဋ္ဌိသည် အမှန်တည်သော သမ္မာသမာဓိသည် နူးညံ့ သိမ်မွေ့သည်နှင့်တကွဖြစ်သော ကာမရာဂသံယောဇဉ်မှ ထ၏။ ပဋိဃသံယောဇဉ်မှ ထ၏။ နူးညံ့ သိမ်မွေ့သည်နှင့်တကွဖြစ်သော ကာမရာဂအနုသယမှ ထ၏။ ပဋိအနုသယမှ ထ၏။ ထိုအနုသဟဂတ ကာမရာဂ ပဋိဃသံယောဇဉ် အနုသယသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သခ်ါရခယနိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း ထ၏။ ထို့ကြောင့် စိတ်၏ အတွင်းကိလေသာ အဇ္ဈတ္တ၊ စိတ်မှ အပ သခ်ါရခယနိမိတ်အာရုံ ဗဟိဒ္ဓ၊ ဤအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှ ထ၍ နောက်တစ်ဖန် အောက်ပြန်မလည်သော ပညာကို မဂ်ဉာဏ်ဟူ၍ ဆိုအပ်၏။

## အရဟတ္တ မဂ်ဉာဏ်

အရဟတ္တ မဂ်ခဏ၌ မြင်သောအနက်ကြောင့် အယူမှန်သော သမ္မာဒိဋ္ဌိသည် မပျံ့လွင့်သောအနက်ကြောင့် အမှန်တည်သော သမ္မာ သမာဓိသည် ရူပရာဂမှ ထ၏။ အရူပရာဂမှ ထ၏။ မာနမှ ထ၏။ ဥဒ္ဓစ္စမှ ထ၏။ အဝိဇ္ဇာမှ ထ၏။ ဘဝရာဂ အနုသယမှ ထ၏။ မာနာနုသယမှ ထ၏။ အဝိဇ္ဇာနုသယမှ ထ၏။ ထိုရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာ ဘဝရာဂ အနုသယ မာနအနုသယ

အဝိဇ္ဇာအနုသယသို့ အစဉ်လိုက်၍ဖြစ်ကုန်သော ကိလေသာတို့မှလည်း ထ၏။ သင်္ခါရ ခယနိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း ထ၏။ ထို့ကြောင့် စိတ်၏ အတွင်းကိလေသာ၊ စိတ်မှအပ သင်္ခါရ ခယနိမိတ် အာရုံ ဗဟိဒ္ဓ၊ ဤအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှထ၍ နောက်တစ်ဖန် အောက်ပြန်မလည်သော ပညာကို မဂ်ဉာဏ်ဟူ၍ ဆိုအပ်၏။

## သောတာပတ္တိဖိုလ်ဉာဏ်

သောတာပတ္တိမဂ် ခဏ၌ မြင်သောအနက်ကြောင့် အယူမှန်သော သမ္မာဒိဋ္ဌိသည် ယူမှားသော မိစ္ဆာဒိဋ္ဌိမှ ထ၏။ ထိုမိစ္ဆာဒိဋ္ဌိသို့ အစဉ်လိုက်၍ ဖြစ်ကုန်သောကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သင်္ခါရခယ နိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း ထ၏။ ထိုအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှထသော မဂ်ပယောဂ သမ္မပ္ပဓာန် တစ်ဖန်မရှိ ငြိမ်းသည်၏အဖြစ်ကြောင့် အကြင်ကေန် အမှန်ငြိမ်းသော သမ္မာဒိဋ္ဌိသည် ဖြစ်၏။ ဤကေန်အမှန်ငြိမ်းသော သမ္မာဒိဋ္ဌိသည် မဂ်၏ အကျိုးတည်း။

ရှေးရှုထင်သော အနက်ကြောင့် အကြံမှန်သော သမ္မာသင်္ကပ္ပသည် ကြံမှားသော မိစ္ဆာသင်္ကပ္ပမှ ထ၏။ ထိုမိစ္ဆာသင်္ကပ္ပသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သင်္ခါရခယ နိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း ထ၏။ ထိုအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှထသော မဂ်ပယောဂ သမ္မပ္ပဓာန် တစ်ဖန်မရှိ

ငြိမ်းသည်၏အဖြစ်ကြောင့် အကြင်ကေန် အမှန်ငြိမ်းသော သမ္မာသင်္ကပ္ပသည် ဖြစ်၏။ ကေန်အမှန်ငြိမ်းသော သမ္မာသင်္ကပ္ပသည် မဂ်၏ အကျိုးဖိုလ်တည်း။

နှုတ်၏ သိမ်းဆည်းသော အနက်ကြောင့် အဆိုမှန်သော သမ္မာဝါစာသည် ဆိုမှားသော မိစ္ဆာဝါစာမှ ထ၏။ ထိုမိစ္ဆာဝါစာသို့ အစဉ်လိုက်၍ ဖြစ်ကုန်သောကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သင်္ခါရခယ နိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း ထ၏။ ထိုအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှထသော မဂ်ပယောဂ သမ္မပ္ပဓာန် တစ်ဖန်မရှိ ငြိမ်းသည်၏အဖြစ်ကြောင့် အကြင်ကေန် အမှန်ငြိမ်းသော သမ္မာဝါစာသည် ဖြစ်၏။ ဤကေန် အမှန်ငြိမ်းသော သမ္မာဝါစာသည် မဂ်၏ အကျိုးဖိုလ်တည်း။

ကိုယ်၏စောင့်သုံးသော အနက်ကြောင့် အပြုမှန်သော သမ္မာကမ္မန္တသည် ပြုမှားသော မိစ္ဆာကမ္မန္တမှ ထ၏။ ထိုမိစ္ဆာကမ္မန္တသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သင်္ခါရခယ နိမိတ် ဗဟိဒ္ဓ အာရုံ အလုံးစုံတို့မှလည်း ထ၏။ ထိုအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှ ထသော မဂ်ပယောဂ သမ္မပ္ပဓာန် တစ်ဖန်မရှိ ငြိမ်းသည်၏ အဖြစ်ကြောင့် အကြင်ကေန် အမှန်ငြိမ်းသော သမ္မာကမ္မန္တသည် ဖြစ်၏။ ဤကေန် အမှန်ငြိမ်းသော သမ္မာကမ္မန္တသည် မဂ်၏ အကျိုးဖိုလ်တည်း။

ကိုယ် နှုတ်၏ ဖြူစင်သော အနက်ကြောင့် အသက်မွေးမှန်သော သမ္မာအာဇီဝသည် အသက်မွေးမှားသော မိစ္ဆာ

အာဇီဝမှ ထ၏။ ထိုမိစ္ဆာအာဇီဝသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သင်္ခါရခယ နိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း ထ၏။ ထိုအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှထသော မဂ် ပယောဂ သမ္ပဝတ်သန် တစ်ဖန်မရှိ ငြိမ်းသည်၏ အဖြစ်ကြောင့် အကြင်ကေန်အမှန်ငြိမ်းသော သမ္မာအာဇီဝသည် ဖြစ်၏။ ဤကေန်အမှန်ငြိမ်းသော သမ္မာအာဇီဝသည် မဂ်၏ အကျိုးဖိုလ်တည်း။

ချီးမြှောက်သော အနက်ကြောင့် အားထုတ်မှန်သော သမ္မာဝါယာမသည် အားထုတ်မှားသော မိစ္ဆာဝါယာမမှ ထ၏။ ထိုမိစ္ဆာဝါယာမသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သင်္ခါရခယနိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း ထ၏။ ထိုအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှထသော မဂ်ပယောဂ သမ္ပဝတ်သန် တစ်ဖန်မရှိ ငြိမ်းသည်၏ အဖြစ်ကြောင့် အကြင်ကေန် အမှန်ငြိမ်းသော သမ္မာဝါယာမသည် ဖြစ်၏။ ဤကေန် အမှန်ငြိမ်းသော သမ္မာဝါယာမသည် မဂ်၏ အကျိုးဖိုလ်တည်း။

ထင်သောအနက်ကြောင့် အမှတ်မှန်သော သမ္မာသတိသည် မှတ်မှားသော မိစ္ဆာသတိမှ ထ၏။ ထိုမိစ္ဆာသတိသို့ အစဉ်လိုက်၍ ဖြစ်ကုန်သောကိလေသာ တို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သင်္ခါရခယ နိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း ထ၏။ ထိုအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှ ထသော မဂ်ပယောဂ သမ္ပဝတ်သန် တစ်ဖန်မရှိ ငြိမ်းသည်၏ အဖြစ်ကြောင့်။ အကြင်ကေန် အမှန်ငြိမ်းသော သမ္မာသတိ

သည် ဖြစ်၏။ ဤကေန်အမှန်ငြိမ်းသော သမ္မာသတိသည် မဂ်၏ အကျိုးဖိုလ်တည်း။

မပျံ့လွင့်သောအနက်ကြောင့် အတည်မှန်သော သမ္မာသမာဓိသည် တည်မှားသော မိစ္ဆာသမာဓိမှ ထ၏။ ထို မိစ္ဆာသမာဓိသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သင်္ခါရခယ နိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း ထ၏။ ထိုအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှထသော မဂ်ပယောဂ သမ္ပပ္ပဓာန် တစ်ဖန် မရှိ ငြိမ်းသည်၏အဖြစ်ကြောင့်။ အကြင်ကေန် အမှန်ငြိမ်းသော သမ္မာသမာဓိသည် ဖြစ်၏။ ဤကေန်အမှန်ငြိမ်းသော သမ္မာ သမာဓိသည် မဂ်၏ အကျိုးဖိုလ်တည်း။

## သကဒါဂါမိဖိုလ်ဉာဏ်

သကဒါဂါမိမဂ်ခဏာ၌ မြင်သောအနက်ကြောင့် အယူမှန်သော သမ္မာဒိဋ္ဌိသည် မပျံ့လွင့်သော အနက်ကြောင့် အတည်မှန်သော သမ္မာသမာဓိသည် ရုန့်ရင်းသော ကာမရာဂ သံယောဇဉ်မှ ထ၏။ ပဋိဃသံယောဇဉ်မှ ထ၏။ ရုန့်ရင်းသော ကာမရာဂအနုသယမှ ထ၏။ ပဋိဃအနုသယမှ ထ၏။ ထို ဩဠာရိက ကာမရာဂ ပဋိဃ သံယောဇဉ် အနုသယသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သင်္ခါရခယနိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း ထ၏။ ထိုအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှထသော မဂ် ပယောဂ သမ္ပပ္ပဓာန် တစ်ဖန်မရှိ

ငြိမ်းသည်၏အဖြစ်ကြောင့် အကြင်ကေန် အမှန် ငြိမ်းသော သမ္မာသမာဓိသည် ဖြစ်၏။ ဤကေန် အမှန်ငြိမ်းသော သမ္မာသမာဓိသည် မဂ်၏ အကျိုးဖိုလ်တည်း။

## အနာဂါမိဖိုလ်ဉာဏ်

အနာဂါမိမဂ်ခဏာ၌ မြင်သောအနက်ကြောင့် အယူမှန်သော သမ္မာဒိဋ္ဌိသည် မပျံ့လွင့်သော အနက်ကြောင့် အတည်မှန်သော သမ္မာသမာဓိသည် သိမ်မွေ့သော ကာမရာဂ သံယောဇဉ်မှ ထ၏။ ပဋိဃသံယောဇဉ်မှ ထ၏။ သိမ်မွေ့သော ကာမရာဂအနုသယမှ ထ၏။ ပဋိဃ အနုသယမှ ထ၏။ ထို အနုသဟဂတ ကာမရာဂ ပဋိဃ သံယောဇဉ် အနုသယသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သခၤါရခယနိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း ထ၏။ ထိုအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှထသော မဂ် ပယောဂ သမ္မပ္ပဓာန် တစ်ဖန်မရှိ ငြိမ်းသည်၏ အဖြစ်ကြောင့် အကြင် ကေန် အမှန်ငြိမ်းသော သမ္မာသမာဓိသည် ဖြစ်၏။ ဤကေန်အမှန် ငြိမ်းသော သမ္မာသမာဓိသည် မဂ်၏ အကျိုးဖိုလ်တည်း။

## အရဟတ္တဖိုလ်ဉာဏ်

အရဟတ္တမဂ်ခဏာ၌ မြင်သောအနက်ကြောင့် အယူမှန်သော သမ္မာဒိဋ္ဌိသည် မပျံ့လွင့်သော အနက်ကြောင့် အတည်မှန်သော သမ္မာသမာဓိသည် ရူပရာဂမှ ထ၏။

အရူပရာဂမှ ထ၏။ မာနမှ ထ၏။ ဥဒ္ဓစ္စမှ ထ၏။ အဝိဇ္ဇာမှ ထ၏။ ဘဝရာဂအနုသယမှ ထ၏။ မာန အနုသယမှ ထ၏။ အဝိဇ္ဇာအနုသယမှ ထ၏။ ထိုရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာ ဘဝရာဂအနုသယ မာနအနုသယ အဝိဇ္ဇာ အနုသယသို့ အစဉ်လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း ထ၏။ ခန္ဓာတို့မှလည်း ထ၏။ သခ်ါရခယနိမိတ် ဗဟိဒ္ဓအာရုံ အလုံးစုံတို့မှလည်း ထ၏။ ထိုအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ပါးစုံမှထသော မဂ်ပယောဂ သမ္မပ္ပဓာန် တစ်ဖန်မရှိ ငြိမ်းသည်၏အဖြစ်ကြောင့် အကြင် ဧကန်အမှန် ငြိမ်းသော သမ္မာသမာဓိသည် မဂ်၏ အကျိုးဖိုလ်တည်း။

## သောတာပန်၏ဝိမုတ္တိဉာဏ်

သောတာပတ္တိမဂ်ဖြင့် ငါ၏ကိုယ်ဟု ယူမှားသော သက္ကာယဒိဋ္ဌိသည်လည်းကောင်း၊ ယုံမှားသော ဝိစိကိစ္ဆာသည်လည်းကောင်း၊ သီလ အလေ့ ဝတအကျင့်။ ဤအလေ့ အကျင့် နှစ်ပါး၌ မှားသောအားဖြင့် သုံးသပ်သော သီလဗ္ဗတ ပရာမာသသည်လည်းကောင်း။ ဒိဋ္ဌိအနုသယသည် လည်းကောင်း။ ဝိစိကိစ္ဆာ အနုသယသည်လည်းကောင်း။ မိမိစိတ်၏ အညစ်အကြေး ကိလေသာတို့သည် အကြွင်းမရှိ ကောင်းစွာ ပြတ်ကုန်သည် ဖြစ်ကုန်၏။ ဤငါးပါးသော အညစ် အကြေး ကိလေသာတို့မှ စိတ်သည် ဖြစ်၏။ နောက်တစ်ဖန် မဖောက်မပြန် အမှန်လွတ်၏။ ထိုကိလေသာမှ လွတ်သော

စိတ်ကို သိခြင်းသည် လွတ်သောကိလေသာကို သိသော အနက်ကြောင့် လွတ်သော ကိလေသာထင်သော အခြင်းအရာကို သိသောအနက်ကြောင့် ပညာလည်း မည်၏။ ထို့ကြောင့် ပြတ်သောကိလေသာ၏ အပိုင်းအခြားကို ရှုသော ပညာကို ဝိမုတ္တိဉာဏ်ဟူ၍ ဆိုအပ်၏။

## သကဒါဂါမ်၏ ဝိမုတ္တိဉာဏ်

သကဒါဂါမိမဂ်ဖြင့် ရုန့်ရင်းသော ကာမရာဂ သံယောဇဉ်သည်လည်းကောင်း၊ ပဋိဃသံယောဇဉ်သည် လည်းကောင်း၊ ရုန့်ရင်းသော ကာမရာဂအနုသယသည် လည်းကောင်း၊ ပဋိဃအနုသယသည်လည်းကောင်း၊ မိမိ စိတ်၏ အညစ်အကြေး ကိလေသာတို့သည် အကြွင်းမရှိ ကောင်းစွာ ပြတ်ကုန်သည် ဖြစ်ကုန်၏။ ပရိယုဋ္ဌာန်နှင့်တကွကုန်သော ဣမေဟိ စတူဟိ ဥပက္ကိ လေသေဟိ၊ ဤ (၄) ပါးသော အညစ်အကြေး ကိလေသာတို့မှ စိတ်သည်လွတ်သည်ဖြစ်၏။ နောက်တစ်ဖန် မဖောက်မပြန် ဧကန် လွတ်၏။ ထိုကိလေသာမှလွတ်သော စိတ်ကို သိခြင်းသည် လွတ်လိုသော ကိလေသာကို သိသောအနက်ကြောင့် ဉာတဉာဏ်လည်း မည်၏။ လွတ်လိုသော ထင်သော အခြင်းအရာကို သိသောအနက်ကြောင့် ပဇာနနပညာလည်း မည်၏။ ထို့ကြောင့် ပြတ်သော ကိလေသာ၏ အပိုင်းအခြားကို ရှုသော ပညာကို ဝိမုတ္တိဉာဏ်ဟူ၍ ဆိုအပ်၏။

## အနာဂါမ်၏ ဝိမုတ္တိဉာဏ်

အနာဂါမိမဂ်ဖြင့် သိမ်မွေ့သော ကာမရာဂ သံယောဇဉ်သည်လည်းကောင်း၊ ပဋိဃ သံယောဇဉ်သည်လည်းကောင်း၊ သိမ်မွေ့သော ကာမရာဂ အနုသယသည်လည်းကောင်း၊ ပဋိဃအနုသယသည်လည်းကောင်း၊ မိမိစိတ်၏ အညစ်အကြေး ကိလေသာတို့သည် အကြွင်းမရှိ ပြတ်ကုန်သည် ဖြစ်ကုန်၏။ ပရိယုဋ္ဌာန်နှင့်တကွကုန်သော ဣမေဟိ စတူဟိ ဥပက္ကိလေသေဟိ၊ ဤ (၄) ပါးသော အညစ်အကြေး ကိလေသာတို့မှ စိတ်သည် လွတ်သည် ဖြစ်၏။ နောက်တစ်ဖန် မဖောက်မပြန် အမှန်လွတ်၏။ ထိုကိလေသာမှ လွတ်သော စိတ်ကို သိခြင်းသည် လွတ်သော ကိလေသာကို သိသောအနက်ကြောင့် ဉာတဉာဏ်လည်း မည်၏။ လွတ်သော ကိလေသာထင်သော အခြင်းအရာကိုသိသော အနက်ကြောင့် ပဇာနနပညာလည်း မည်၏။ ထို့ကြောင့် ပြတ်သော ကိလေသာ၏အပိုင်းအခြားကို ရှုသောပညာကို ဝိမုတ္တိဉာဏ် ဟူ၍ ဆိုအပ်၏။

## ရဟန္တာ၏ ဝိမုတ္တိဉာဏ်

အရဟတ္တမဂ်ဖြင့် ရူပရာဂသည်လည်းကောင်း၊ အရူပရာဂသည်လည်းကောင်း၊ မာနသည်လည်းကောင်း၊ ဥဒ္ဓစ္စသည် လည်းကောင်း၊ အဝိဇ္ဇာသည်လည်းကောင်း၊ မာနအနုသယသည်လည်းကောင်း၊ ဘဝရာဂ အနုသယသည်လည်းကောင်း၊ အဝိဇ္ဇာအနုသယသည်လည်းကောင်း၊ မိမိ

စိတ်၏ အညစ်အကြေး ကိလေသာတို့သည် အကြွင်းမရှိ ပြတ်ကုန်သည် ဖြစ်ကုန်၏။ ပရိယုဋ္ဌာန်နှင့်တကွကုန်သော ဣမေဟိ အဋ္ဌဟိ ဥပက္ကိလေသေဟိ၊ ဤ (၈) ပါးသော အညစ်အကြေး ကိလေသာတို့မှ စိတ်သည် လွတ်သည် ဖြစ်၏။ နောက်တစ်ဖန် မဖောက်မပြန် အမှန်လွတ်၏။ ထိုကိလေသာမှ လွတ်သောစိတ်ကို သိခြင်းသည် လွတ်သော ကိလေသာကို သိသောအနက်ကြောင့် ဉာတဉာဏ်လည်း မည်၏။ လွတ်သော ကိလေသာ ထင်သော အခြင်းအရာကို သိသောအနက်ကြောင့် ပဇာနနပညာလည်း မည်၏။ ထို့ကြောင့် ပြတ်သော ကိလေသာ၏ အပိုင်းအခြားကို ရှုသော ပညာကို ဝိမုတ္တိဉာဏ်ဟူ၍ ဆိုအပ်၏။

## သောတာပတ္တိမဂ်နိဒ္ဒေသ ပစ္စဝေက္ခဏာဉာဏ်

သောတာပတ္တိမဂ်ခဏ၌ မြင်သောအနက်ကြောင့် သမ္မာဒိဋ္ဌိသည် ထိုထိုမြင်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ ရှေးရှုထင်သော အနက်ကြောင့် သမ္မာသင်္ကပ္ပသည် ထိုထို ရှေးရှုထင်သည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ နှုတ်၏ သိမ်းဆည်းသောအနက်ကြောင့် သမ္မာဝါစာသည် ထိုထိုနှုတ်ကို သိမ်းဆည်းသည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ ကိုယ်၏ စောင့်သုံးသောအနက်ကြောင့် သမ္မာကမ္မန္တသည် ထိုထိုကိုယ်ကို စောင့်သုံးသည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ ကိုယ် နှုတ်၏ ဖြူစင်သော အနက်ကြောင့် သမ္မာအာဇီဝသည် ထိုကိုယ်

နူတ် ဖြူစင်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ချီးမြှောက်သော အနက်ကြောင့် သမ္မာဝါယာမသည် ထိုထို ချီးမြှောက်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ထင်သော အနက်ကြောင့် သမ္မာသတိသည် ထိုထိုထင်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ မပျံ့လွင့်သော အနက်ကြောင့် သမ္မာသမာဓိသည် ထိုထိုမပျံ့လွင့်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ထင်သောအနက်ကြောင့် သတိသမ္ဗောဇ္ဈင်သည် ထိုထို မပျံ့လွင့်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ဆုံးဖြတ်သောအနက်ကြောင့် ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ထိုထို ဆုံးဖြတ်သည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ချီးမြှောက်သော အနက်ကြောင့် ဝီရိယသမ္ဗောဇ္ဈင်သည် ထိုထိုချီးမြှောက်သည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ပျံ့နှံ့သောအနက်ကြောင့် ပီတိ သမ္ဗောဇ္ဈင်သည် ထိုထို ပျံ့နှံ့သည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ ငြိမ်းသောအနက်ကြောင့် ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ထိုထို ငြိမ်းသည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ မပျံ့လွင့်သော အနက်ကြောင့် သမာဓိသမ္ဗောဇ္ဈင်သည် ထိုထိုမပျံ့လွင့်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ အညီအမျှရှုသောအနက်ကြောင့်။ ဥပေက္ခာသမ္ဗောဇ္ဈင်သည် ထိုထို အညီအမျှရှုသည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ မယုံကြည်ခြင်း၌ မပြောင်းမရွေ့ မရွေ့မခုန် မတုန်လှုပ်သော အနက်ကြောင့် သဒ္ဓါဗိုလ်သည် ထိုထို မယုံကြည်ခြင်း၌ မပြောင်းမရွေ့၊ မရွေ့မခုန် မတုန်လှုပ်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့

ရောက်၏။ ပျင်းရိခြင်း၌ မပြောင်းမရွှေ့ မရွှေ့မခုန် မတုန် လှုပ်သောအနက်ကြောင့် ဝီရိယဗိုလ်သည် ထိုထိုပျင်းရိခြင်း၌ မပြောင်းမရွှေ့ မရွှေ့ မခုန် မတုန်လှုပ်သည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ မေ့လျော့ခြင်း၌ မပြောင်းမရွှေ့၊ မရွှေ့မခုန်၊ မတုန်လှုပ်သော အနက်ကြောင့် သတိဗိုလ်သည် ထိုထို မေ့လျော့ခြင်း၌ မပြောင်းမရွှေ့ မရွှေ့မခုန် မတုန်လှုပ် သည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ပျံ့လွင့်ခြင်း၌ မပြောင်းမရွှေ့ မရွှေ့မခုန် တုန်လှုပ်သောအနက်ကြောင့် သမာဓိဗိုလ်သည် ထိုထို မပျံ့လွင့်ခြင်း၌ မပြောင်းမရွှေ့ မရွှေ့မခုန် မတုန်လှုပ်သည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက် ၏။ မသိခြင်း၌ မပြောင်းမရွှေ့ မရွှေ့မခုန် မတုန်လှုပ် သော အနက်ကြောင့် ပညာဗိုလ်သည် ထိုထို မသိခြင်း၌ မပြောင်းမရွှေ့ မရွှေ့မခုန် မတုန်လှုပ်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ ယုံကြည်သော အနက်ကြောင့် သဒ္ဓိန္ဒြေသည် ထိုထို ယုံကြည်သည်၏အဖြစ်ဖြင့် ထင်ခြင်း သို့ ရောက်၏။ ချီးမြှောက်သောအနက်ကြောင့် ဝီရိယိန္ဒြေ သည် ထိုထို ချီးမြှောက်သည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ ထင်သောအနက်ကြောင့် သတိန္ဒြေသည် ထိုထို ထင်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ မပျံ့လွင့် သော အနက်ကြောင့် သမာဓိန္ဒြေသည် ထိုထို မပျံ့လွင့် သည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ မြင်သောအနက် ကြောင့် ပညိန္ဒြေသည် ထိုထို မြင်သည်၏အဖြစ်ဖြင့် တင် ခြင်းသို့ရောက်၏။ အစိုးရသောအနက်ကြောင့် ဣန္ဒြေတို့

သည် ထိုထိုအစိုးရသည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်ကုန်၏။ မပြောင်း မရွေ့ မရွေ့မခုန် မတုန်လှုပ်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်ကုန်၏။ ထွက်မြောက်သော အနက်ကြောင့် ဗောဇ္ဈင်တို့သည် ထိုထို ထွက်မြောက်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်ကုန်၏။ အကြောင်းဖြစ်သော အနက်ကြောင့် မဂ်သည် ထိုထို အကြောင်း၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ထင်သော အနက်ကြောင့် သတိပဋ္ဌာန်တို့သည် ထိုထို ထင်သည်၏ အဖြစ်ဖြင့်ထင်ခြင်းသို့ရောက်၏။ အားထုတ်သော အနက်ကြောင့် သမ္မပ္ပဓာန်တို့သည် ထိုထို အားထုတ်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ပြည့်စုံသောအနက်ကြောင့် ဣဒ္ဓိပါဒ်တို့သည် ထိုထို ပြည့်စုံသည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ မှန်သောအနက်ကြောင့် သစ္စာတို့သည် ထိုထိုမှန်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ မပျံ့လွင့်သော အနက်ကြောင့် သမထသည် ထိုထို မပျံ့လွင့်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ရှုသောအနက်ကြောင့် ဝိပဿနာသည် ထိုထိုရှုသည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ ထိုထိုကိစ္စတူသည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ မလွန်သော အနက်ကြောင့် သမထ ဝိပဿနာ အစုံသည် ထိုထို မလွန်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ စောင့်သော အနက်ကြောင့် သီလဝိသုဒ္ဓိသည် ထိုထိုစောင့်သည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏ မပျံ့လွင့်သော အနက်ကြောင့် စိတ္တဝိသုဒ္ဓိသည် ထိုထို မပျံ့လွင့်သည်၏

အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ မြင်သော အနက်ကြောင့် ဒိဋ္ဌိဝိသုဒ္ဓိသည် ထိုထိုမြင်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ လွတ်သောအနက်ကြောင့် ဝိမောက္ခတို့သည် ထိုထို လွတ်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ ကွယ်ကာပျောက်ကင်း ဖောက်ထွင်းသော အနက်ကြောင့် အဝိဇ္ဇာသည် ထိုထိုကွယ်ကာပျောက်ကင်း ဖောက်ထွင်းသည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ စွန့်သောအနက်ကြောင့် ဝိမုတ္တိသည် ထိုထိုစွန့်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ ပြတ်သောအနက်ကြောင့် ပယ်အပ်သော ကိလေသာကုန်သော ထိုထိုပြတ်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ မူလအနက်ကြောင့် ဆန္ဒသည် ထိုထို မူလ၏ အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ ဆောင်သော အနက်ကြောင့် မနသိကာရသည် ထိုထိုဆောင်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ပေါင်းသော အနက်ကြောင့် ဖဿသည် ထိုထိုပေါင်းသည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ သက်သောအနက်ကြောင့် ဝေဒနာသည် ထိုထို သက်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ ကြီးမှူးသောအနက်ကြောင့် သမာဓိသည်။ ထိုထို ကြီးမှူးသည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ အစိုးရသော အနက်ကြောင့် သတိသည် ထိုထိုအစိုးရသည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ ထိုသမာဓိသတိဖြင့် ထိုထို ကူးတက်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ မြတ်သောအနက်ကြောင့် ထိုထိုမြတ်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။

ပြီးဆုံးသောအနက်ကြောင့် မသေရာသို့ဝင်သော နိဗ္ဗာန်သည် ထိုထိုပြီးဆုံး သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ ဤတရားတို့သည် ထိုထိုမဂ်နိဗ္ဗာန်၏အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်ကြကုန်၏။ ဤသို့ သောတာပန်သည် မဂ်မှ ထ၍ ဆင်ခြင်၏။

## သောတာပန်၏၊ သောတာပတ္တိဖိုလ်နိဗ္ဗာန် ပစ္စဝေက္ခဏာဉာဏ်

သောတာပတ္တိဖိုလ်ခဏ၌ မြင်သောအနက်ကြောင့် သမ္မာဒိဋ္ဌိသည် ထိုထိုမြင်သည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ မဂ်ပယောဂ သမ္ပဿဒ္ဓိ တစ်ဖန်မရှိ ငြိမ်းသော အနက်ကြောင့် ပြီးပြီးသော မဂ်ကိစ္စ တစ်ဖန်မဖြစ်သော အနုပ္ပါဒေဉာဏ်သည် ထိုထိုမဂ်ပယောဂ သမ္ပဿဒ္ဓိ တစ်ဖန် မရှိ ငြိမ်းသည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ မူလ အနက်ကြောင့် ဆန္ဒသည် ထိုထိုမူလ၏အဖြစ်ဖြင့် ထင် ခြင်းသို့ ရောက်၏။ ဆောင်သောအနက်ကြောင့် ထိုထို မသိကာရသည် ထိုထိုဆောင်သည်၏အဖြစ်ဖြင့် ထင်ခြင်း သို့ရောက်၏။ ပေါင်းသောအနက်ကြောင့် ဖဿသည် ထိုထိုပေါင်းသည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ သက်သောအနက်ကြောင့် ဝေဒနာသည် ထိုထိုသက်သည် ၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ကြီးမှူးသောအနက် ကြောင့် သမာဓိသည် ထိုထိုကြီးမှူးသည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ အစိုးရသောအနက်ကြောင့် သတိ

သည် ထိုထိုအစိုးရသည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ထိုသမာဓိ သတိဖြင့် ကူးတက်သောအနက်ကြောင့် ပညာသည် ထိုသမာဓိသတိဖြင့် ထိုထို ကူးတက်သည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ မြတ်သောအနက်ကြောင့် ဝိမုတ္တိသည် ထိုထိုမြတ်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ပြီးဆုံးသောအနက်ကြောင့် မသေရာသို့ ဝင်သော နိဗ္ဗာန်သည် ထိုထိုပြီးဆုံးသည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ဤတရားတို့သည် ထိုထို ဖိုလ် နိဗ္ဗာန်အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်ကြကုန်၏။ ဤသို့ သောတာပန်သည် ဖိုလ်မှ ထ၍ ဆင်ခြင်၏။

## သကဒါဂါမိမဂ်မှစ၍ ရဟန္တာ၏ အရဟတ္တမဂ်နိဗ္ဗာန် ပစ္စဝေက္ခဏာဉာဏ်

သကဒါမိမဂ် ခဏ၌ သကဒါဂါမိဖိုလ်ခဏ၌ အနာဂါမိမဂ်ခဏ၌ အနာဂါမိဖိုလ်ခဏ၌ အရဟတ္တမဂ် ခဏ၌ မြင်သောအနက်ကြောင့် သမ္မာဒိဋ္ဌိသည် ထိုထို မြင်သည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ပြတ်သောအနက်ကြောင့် ပယ်အပ်သော ကိလေသာကုန်သော ခယဉာဏ်သည် ထိုထိုပြတ်သည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ မူလအနက်ကြောင့် ဆန္ဒသည် ထိုထိုမူလ၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ပြီးဆုံးသောအနက်ကြောင့် မသေရာသို့ဝင်သော နိဗ္ဗာန်သည် ထိုထိုပြီးဆုံးသည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ဤတရားတို့သည် ထိုထို မဂ်နိဗ္ဗာန်

၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်ကြကုန်၏။ ဤသို့ ရဟန္တာသည် မဂ်မှထ၍ ဆင်ခြင်၏။

## ရဟန္တာ၏ အရဟတ္တဖိုလ် နိဗ္ဗာန် ပစ္စဝေက္ခဏာဉာဏ်

အရဟတ္တဖိုလ်ခဏ၌ မြင်သောအနက်ကြောင့် သမ္မာဒိဋ္ဌိသည် ထိုထိုမြင်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ မဂ်ပယောဂ သမ္မပ္ပဓာန် တစ်ဖန်မရှိ ငြိမ်းသောအနက်ကြောင့် ပြီးပြီးသော မဂ်ကိစ္စ တစ်ဖန်မဖြစ်သော အနုပ္ပါဒေဉာဏ်သည် ထိုထိုမဂ်ပယောဂသမ္မပ္ပဓာန် တစ်ဖန်မရှိ ငြိမ်းသည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ မူလအနက်ကြောင့် ဆန္ဒသည် ထိုမူလ၏အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်၏။ ပြီးဆုံးသောအနက်ကြောင့် မသေရာသို့ဝင်သော နိဗ္ဗာန်သည် ထိုထိုပြီးဆုံးသည်၏အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်၏။ ဤတရားတို့သည် ထိုထို ဖိုလ်နိဗ္ဗာန်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ရောက်ကြကုန်၏။ ဤသို့ ရဟန္တာသည် ဖိုလ်မှထ၍ ဆင်ခြင်၏။

## ကျမ်းကိုးစာရင်း


၁။ **ဗုဒ္ဓဘာသာကောင်းတစ်ယောက်**
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန။

၂။ **စတုသစ္စသုဒနီကျမ်း**
မင်းကွန်းဇေတဝန်ဆရာတော်။

၃။ **ပရမတ္ထသရူပဘေဒနီကျမ်း**
မဟာဝိသုဒ္ဓါရာမ ဆရာတော်။

၄။ **ဗုဒ္ဓလောကသားတို့၏အနှိုင်းမဲ့ကျေးဇူးရှင်**
ဦးရွှေအောင်။

## ဦးကျော်ဇေယျ ရေးသားခဲ့သော
## ပညာဆိုင်ရာ စာအုပ်များစာရင်း

၁။ ကံပြင်ပညာ ရွှေယတြာ ၂၀၀၀
၃၈/၂၀၀၀ (၁)

၂။ လူ့တန်ဖိုးပြ ကံသရုပ်ခွဲပညာ ၂၀၀၀
၅၅၁/၂၀၀၀ (၇)

၃။ အတိတ်နိမိတ်ပညာ ၂၀၀၀
၇၇၂/၂၀၀၀ (၉)

၄။ အမြင့်တင်ပညာ ၂၀၀၂
၆၉/၂၀၀၂ (၁)

၅။ ဝိပဿနာဉာဏ်ပညာ ၂၀၀၂
၃၆၉/၂၀၀၂ (၇)

ယခုစာအုပ်
ပညာဉာဏ်မျက်စိများ ၂၀၀၂

၂၉၈၇၆

ဗြဟ္မာစိုရ်ညာဏ်မျက်စိရှိက

ကံလမ်းသာသည်။

သမာဓိညာဏ်မျက်စိရှိက

ဝီရိယလမ်းသာသည်။

ဝိပဿနာညာဏ် [illegible]

ညာဏ်လမ်းသာသည်။